# မြန်မာ့အလင်း


၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်၊ စနေနေ့ အတွဲ (၆၄)၊ အမှတ်(၃၄၄)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## နိုင်ငံသူ နိုင်ငံသားများအားလုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေး၊ ဆင်းရဲချမ်းသာကွာဟမှုလျှော့ချပေးနိုင်ရေး အာရုံစိုက်၍ အလေးထားဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် ဩဂုတ်လကုန်ပိုင်းမှ စက်တင်ဘာလဆန်းပိုင်းအထိ တရုတ်နိုင်ငံသို့


*စာမျက်နှာ ၃ ကော်လံ ၁* ❑





မြန်မာ့အလင်း

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများ ရှိရန်လိုသည်။ လူသားအရင်းအမြစ်ကောင်းများ ရရှိနိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ လေ့ကျင့်သင်ကြားပေးခြင်း၊ လူသားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချခြင်းတို့ကို ကောင်းစွာ ဆောင်ရွက်နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံတွင်ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးနှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ် (၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားများသို့ တက်ရောက်ခဲ့သည့် အလုပ်သဘောခရီးစဉ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလာစဉ် ခရီးစဉ်တွင် လိုက်ပါကြသည့် မီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားရာတွင် “သူတို့ ကျွန်တော့်ကို မေးတဲ့မေးခွန်းတစ်ခုရှိတယ်။ သူတို့ တကယ်လို့ မြန်မာနိုင်ငံမှာ လာရောက်အလုပ်လုပ်ပြီဆိုရင် မြန်မာနိုင်ငံက လူသားအရင်းအမြစ်တွေကို ရနိုင်မလားဆိုတဲ့ဟာတွေ၊ သတ်မှတ်ထားတဲ့အတိုင်း တာဝန်ပေးရမှာလားဆိုတဲ့ မေးခွန်းတွေ မေးလာတယ်။ ကျွန်တော်တို့ဥပဒေက လုပ်ကိုလုပ်ရမယ်။ ဒီလိုလုပ်နိုင်ဖို့ဆိုရင်လည်း သူတို့နဲ့ လက်တွဲပြီးတော့မှ ယှဉ်တွဲပြီးလုပ်နိုင်မယ့် လူသားအရင်းအမြစ်တွေ လိုတယ်။ အဲဒီလူသားအရင်းအမြစ်တွေ မလုပ်နိုင်ဘဲနဲ့ ကျွန်တော်တို့ ဘယ်လိုလက်တွဲလုပ်လို့ရမလဲ။ ဒါကြောင့် ကျွန်တော်တို့တိုင်းပြည်ကို ကျွန်တော်ပြောချင်တာကတော့ ကျွန်တော်တို့ ကြိုးစားအားထုတ်ဖို့ လိုတယ်ဆိုတာ ပြောချင်ပါတယ်” ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

မိမိတို့နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော သယံဇာတနှင့် အလုပ်လုပ်နိုင်သော အင်အားစုများရှိသလို ပစ္စုပ္ပန်တွင် ဖြစ်ပေါ်နေသော ကမ္ဘာ့နိုင်ငံရေးအခြေအနေများကလည်း နိုင်ငံအတွက် အလားအလာကောင်းများ ပေးအပ်သကဲ့သို့ ဖြစ်ပေါ်နေခြင်း ဖြစ်သည်။ သို့ရာတွင် တည်ငြိမ်အေးချမ်းမှုများ ဒေသများစွာတို့တွင် ပျက်ပြားနေခြင်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို နှောင့်နှေးစေသည်။ သို့ဖြစ်ရာ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုများ ရရှိအောင် ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ နိုင်ငံတော်၏ ဆောင်ရွက်မှုများတွင်လည်း ဝိုင်းဝန်းကူညီကြရန်လိုသည်။ နောက်ထပ်လိုအပ်ချက်မှာ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဖြစ်သည်။ မိမိတို့နိုင်ငံတွင် အလုပ်လုပ်နိုင်သည့်အရွယ် လူဦးရေအချိုးအစားများပြားမှုရှိသော်လည်း အမှန်တကယ်လုပ်ကိုင်ရာတွင် လူသားအရင်းအမြစ်ရှားပါးနေခြင်းဖြစ်သည်။ ပြည်တွင်း MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင်ပင် လုပ်သားရှားပါးမှုများရှိကြောင်း သိရှိရပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး ဖိဖိစီးစီးဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့” ဟူ၍ နိုင်ငံတော်က နှိုးဆော်တိုက်တွန်းနေရခြင်းမှာ မိမိတို့နိုင်ငံသားများ၏ ပျမ်းမျှပညာရေးအဆင့်အတန်း နိမ့်ကျနေခြင်း၊ နိုင်ငံ့လူဦးရေနှင့် နှိုင်းယှဉ်ပါက ပညာတတ်ဦးရေနည်းပါးနေခြင်းတို့ကြောင့် ဖြစ်သည်။ ဤသို့ဖြစ်နေရခြင်းမှာ နိုင်ငံသားများအတွင်း ပညာရေးကို အလေးမထားမှု၊ ပညာကို ဆုံးခန်းတိုင်အောင် ကောင်းစွာမသင်ယူမှုတို့ကြောင့် ဖြစ်သည်။ သေစာရှင်စာမျှတတ်သည်နှင့် ကျောင်းမှထွက်ပြီး အိမ်နီးချင်းနိုင်ငံများတွင် အောက်ခြေအလုပ်များသွားလုပ်ကာ ငွေကြေးရှာဖွေကြခြင်းများက ၎င်းတို့၏ဘဝအတွက်ရော နိုင်ငံအတွက်ပါ နစ်နာဆုံးရှုံးစေသည်။ နိုင်ငံတော်က သတ်မှတ်ထားသည့်အတိုင်း အနည်းဆုံး KG+9 ပြီးဆုံးအောင်သင်ယူပြီး အသက်မွေးဝမ်းကျောင်းပညာများ ဆက်လက်သင်ယူကာ ကျွမ်းကျင်အလုပ်သမားများအဖြစ် သွားရောက်အလုပ်လုပ်ကိုင်မည်ဆိုလျှင်ပင် အဆင့်အတန်းမြင့်မြင့်နှင့် များစွာပိုမိုသည့်ဝင်ငွေကို ရရှိနိုင်သကဲ့သို့ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ကြလျှင် အိုးမကွာ အိမ်မကွာ ဝင်ငွေမြင့်မားစွာ ရရှိနိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် မိမိတို့၏ ကိုယ်ပိုင်ဘဝများ မြင့်မားရေးတို့အတွက် ပညာရေးဖွံ့ဖြိုးအောင် ဆောင်ရွက်ရန် ပညာကို ကောင်းစွာ သင်ယူကြရန်နှင့် ပညာရေးကို နိုင်ငံသူ နိုင်ငံသားတိုင်းက အားပေးကြရန် နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၃၆ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ ဒေါ်လှမြင့် အား မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး

## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၃၇ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဦးစောမျိုးမျိုး အား မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး

## ၁၂ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၇၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃ - ၉ - ၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၂၅ | ၃၀၃၅ | ၃၀၀၅ | ၂၉၄၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၇၅ | ၂၉၉၅ | ၄၅၀၅ | ၃၂၉၀ | ၃၀၀၀ | ၃၀၁၅ | ၃၀၈၅ | ၃၀၅၀ | ၃၀၇၀ | ၃၃၂၅ |
| 95 Ron | ၂၉၉၅ | ၃၁၀၅ | ၃၀၇၅ | ၃၀၁၀ | ၃၁၀၅ | ၃၁၃၀ | ၃၁၄၅ | ၃၀၆၅ | ၄၅၆၀ | ၃၃၆၀ | ၃၀၈၀ | ၃၀၈၅ | ၃၁၅၅ | ၃၁၂၀ | ၃၁၄၀ | ၃၃၉၅ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၉၀ | ၂၆၅၅ | ၂၅၉၀ | ၂၆၉၅ | ၂၇၀၀ | ၂၇၂၅ | ၂၆၄၅ | - | ၂၉၄၀ | ၂၆၆၀ | ၂၆၆၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၂၀ | ၂၉၇၅ |
| HSD (50 ppm) | ၃၀၇၅ | ၃၁၈၅ | ၃၁၅၀ | ၃၀၈၅ | ၃၁၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၁၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၁၆၀ | ၃၁၆၀ | ၃၃၃၀ | ၃၁၉၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၀၇၅ | ၃၁၈၅ | ၃၁၅၀ | ၃၀၈၅ | ၃၁၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၁၄၅ | - | ၃၅၃၅ | ၃၁၆၀ | ၃၁၆၀ | ၃၃၃၀ | ၃၁၉၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၇၆ | ၂၈၄၅ |
| 95 Ron | ၂၈၂၄ | ၂၉၁၄ |
| HSD (500 ppm) | ၂၄၁၈ | ၂၄၉၆ |
| HSD (50 ppm) | ၂၉၉၈ | ၃၀၈၇ |
| HSD (10 ppm) | ၂၉၉၈ | ၃၀၈၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



**“ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံအလိုက်မှ ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် မိမိတို့နိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုများ၊ နှစ်နိုင်ငံဆက်ဆံရေးအခြေအနေများနှင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပြောကြားခဲ့၊ ၎င်းတို့အနေဖြင့် မိမိတို့နိုင်ငံနှင့်ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်လိုသကဲ့သို့ ရွေးကောက်ပွဲကျင်းပပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုအပေါ်တွင် ထောက်ခံပါကြောင်းနှင့် ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့များ စေလွှတ်သွားမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးပြောကြားနိုင်ခဲ့၊ ထိုသို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းအဝေးသို့ တက်ရောက်နိုင်ခဲ့ခြင်းအတွက် မိမိတို့နိုင်ငံ၏ နိုင်ငံရေးနှင့် နိုင်ငံတကာဆက်ဆံရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေခဲ့ ”**

❏ *ရှေ့ဖုံးမှ*

သွားရောက်၍ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အပေါင်းအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားများသို့ တက်ရောက်ခဲ့ကြောင်း၊ ထို့အပြင် ဟေလုံကျန်းပြည်နယ် ဟာပင်းမြို့နှင့် စီချွမ်ပြည်နယ် ချန်ဒူးမြို့များသို့လည်း သွားရောက်လေ့လာခဲ့ကြောင်း။

**SCO အစည်းအဝေးနှင့် GGI အချက်(၅)ချက်**

မိမိတို့နိုင်ငံသည် SCO အဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) သို့ တက်ရောက်ခဲ့ကြောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် အရေးပါသည့်အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ၎င်းအဖွဲ့သည် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့ကဦးဆောင်၍ ဒေသတွင်းလုံခြုံရေးအတွက် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် နိုင်ငံများစွာပါဝင်လာပြီး လုပ်ငန်းပမာဏသာမက အင်အားကြီးမားသည့် အဖွဲ့အစည်းကြီးတစ်ခုဖြစ်လာသည်ကိုလည်း တွေ့ရှိရကြောင်း။

SCO အဖွဲ့တွင် မူလအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူနိုင်ငံများပါဝင်သည်ကို တွေ့ရကြောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများအားလုံး၏ GDP မှာ ဒေါ်လာ ၃၀ ဒသမ ၁၇၁ ထရီလီယံ ရှိသည်ကိုတွေ့ရကြောင်း၊ ထိုအထဲတွင် GDP အမြင့်ဆုံးမှာ တရုတ်နိုင်ငံဖြစ်ကြောင်း၊ SCO အဖွဲ့၏ စုစုပေါင်းလူဦးရေမှာလည်း ၃ ဒသမ ၉၀၅ ဘီလီယံရှိသည်ကို တွေ့ရကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် လေ့လာဖက်နိုင်ငံများအားလုံးတွင် စက်မှုလုပ်ငန်းဆောင်ရွက်သည့်နိုင်ငံများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆောင်ရွက်သည့်နိုင်ငံများ၊ သယံဇာတပစ္စည်းများ ကြွယ်ဝသည့်နိုင်ငံများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကြွယ်ဝသည့်နိုင်ငံများ စသည့်နိုင်ငံများ အသီးသီးပါဝင်သကဲ့သို့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာ ကိုးကွယ်သည့် နိုင်ငံများပါဝင်ပြီး ဘာသာပေါင်းစုံပါဝင်သည့် အဖွဲ့အစည်းကြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကဏ္ဍပေါင်းစုံပါဝင်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် မိမိတို့နိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

ကမ္ဘာပေါ်၌ အချို့နိုင်ငံများနှင့် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့မလိုလားသောနိုင်ငံများ၊ အစိုးရများအပေါ် နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ဘဏ္ဍာရေးအရ၊ အုပ်ချုပ်ရေးအရ ဖိနှိပ်မှုများနှင့် ခွဲခြားဆက်ဆံမှုများရှိကြောင်း၊ ၎င်းကိစ္စများအား နိုင်ငံတကာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆက်ဆံရေးတိုးမြှင့်သွားရန်လိုကြောင်း။

**ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား**

မိမိနှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးက အလေးနက်ထားစောင့်ကြည့်ခဲ့ရသော အခမ်းအနားဖြစ်ပြီး အဓိကအချက် ၃ ချက်ကို မှတ်မှတ်ထင်ထင်တွေ့မြင်ခဲ့ရကြောင်း၊ ပထမအချက်မှာ တရုတ်တပ်မတော်၏ လေ့ကျင့်သားပြည့်ဝမှုကို မြင်တွေ့ခဲ့ရကြောင်း၊ ဒုတိယအချက်မှာ စစ်ရေးပြအခမ်းအနားတွင် ပြသခဲ့သည့် စစ်လက်နက်ပစ္စည်းများသည် ကမ္ဘာကြီးကို ကာကွယ်ပေးနိုင်သော ကမ္ဘာကြီး၏ အင်အားချိန်ခွင်လျှာကို ထိန်းညှိပေးနိုင်သည့် စွမ်းပကားရှိသည်ကို လေ့လာသိရှိရသည့်အတွက် တရုတ်နိုင်ငံ၏ကာကွယ်ရေးစွမ်းပကားမှာ များစွာတိုးတက်လာသည်ကို တွေ့ရကြောင်း၊ တတိယအချက်အနေဖြင့် တရုတ်နိုင်ငံသားများ၏ စည်းကမ်းရှိမှု၊ စနစ်ကျနမှုတို့ပင်ဖြစ်ကြောင်း၊ သမ္မတကြီး ရှီကျင့်ဖျင်၏ မိန့်ခွန်းတွင် တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများအပေါ် ကျရောက်နိုင်သည့် ခြိမ်းခြောက်မှုများအားလုံးကို တရုတ်နိုင်ငံအနေဖြင့် ကာကွယ်ရင်ဆိုင်နိုင်သည်ဟု ထည့်သွင်းပြောကြားသွားကြောင်း၊ ကမ္ဘာကြီးကို ကာကွယ်ပေးနိုင်သည့် စွမ်းပကားရှိသည်ကို မြင်တွေ့ခဲ့ရကြောင်း။

အစည်းအဝေးနှင့် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ချိန်အတွင်း တရုတ်နိုင်ငံ သမ္မတ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံသမ္မတတို့အပါအဝင် နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံအား ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်နိုင်ရေး ၎င်းတို့အနေဖြင့် လိုလားသည်ကိုတွေ့ရကြောင်း၊ အလားတူ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ လာအိုနိုင်ငံတို့အပါအဝင် အခြားနိုင်ငံများမှ ခေါင်းဆောင်များနှင့်လည်း နိုင်ငံအလိုက် ကုန်သွယ်မှုလုပ်ငန်းများ ယခုထက်ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးနိုင်ခဲ့ကြောင်း၊ နယ်စပ်ဒေသကုန်သွယ်ရေးလမ်းကြောင်းများ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက်လည်း ဆွေးနွေးနိုင်ခဲ့ကြောင်း။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအဆိုပြုချက်(၅)ခု၊ Global Governance Initiative (၅)ချက်ကို တင်သွင်းခဲ့ကြောင်း၊ ပထမအချက်မှာ နိုင်ငံတိုင်းသည် တန်းတူအခွင့်အရေးရှိကြောင်းကိုအခြေခံ၍ ကမ္ဘာ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအား ဆောင်ရွက်သင့်သည်၊ ဒုတိယအချက်မှာ ကမ္ဘာ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ၌ နိုင်ငံတကာဥပဒေသည် နိုင်ငံအားလုံးအပေါ်တွင် အညီအမျှ စိုးမိုးရမည်ဟူသောအချက်ပေါ်တွင်အခြေခံသည်၊ တတိယအချက်မှာ ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုစနစ်သည် နိုင်ငံအများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် သဘောတူညီမှုအပေါ်တွင် အခြေခံထားသင့်သည်၊ စတုတ္ထအချက်မှာ ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုစနစ်တွင် ပြည်သူကိုဗဟိုပြုချဉ်းကပ်သော နည်းလမ်းများအပေါ်တွင် အခြေခံထားသင့်သည်၊ ပဉ္စမအချက်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုစနစ်သည် စစ်မှန်သောရလဒ်များပေါ်တွင်သာ အခြေခံထားသင့်သည်ဟုပါရှိကြောင်း၊ ထို့ကြောင့် အဆိုပါဆွေးနွေးချက်(၅)ချက်သည် မိမိတို့နှင့် သဘောထားချင်းနီးစပ်ကိုက်ညီသည့်အတွက် မိမိအနေဖြင့် ထောက်ခံဆွေးနွေးခဲ့ကြောင်း၊ ၎င်းအချက်(၅)ချက်သည် ကမ္ဘာ၌ လက်ရှိဖြစ်ပျက်နေသည့် ဖြစ်စဉ်များနှင့်လည်း ကိုက်ညီမှုရှိကြောင်း။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံအလိုက်မှ ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် မိမိတို့နိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုများ၊ နှစ်နိုင်ငံဆက်ဆံရေး အခြေအနေများနှင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် မိမိတို့နိုင်ငံနှင့်ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်လိုသကဲ့သို့ ရွေးကောက်ပွဲကျင်းပပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုအပေါ်တွင် ထောက်ခံပါကြောင်းနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ်သွားမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးပြောကြားနိုင်ခဲ့ကြောင်း၊ ထိုသို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းအဝေးသို့ တက်ရောက်နိုင်ခဲ့ခြင်းအတွက် မိမိတို့နိုင်ငံ၏ နိုင်ငံရေးနှင့် နိုင်ငံတကာဆက်ဆံရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေခဲ့ကြောင်း။

မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တီယန်ကျင်းမြို့မှ ပေကျင်းမြို့သို့ အထူးအမြန်ရထားဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း၊ ထိုသို့စီးနင်းလိုက်ပါရသည့်အချိန်တွင်လည်း တရုတ်နိုင်ငံ၏ ရထားပို့ဆောင်မှုများမှာ အဆင့်မြင့်သည့်ပို့ဆောင်မှုစနစ်ဖြစ်သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့်လည်း မိမိတို့နိုင်ငံတွင် ရထားပို့ဆောင်မှုစနစ် အဆင့်မြှင့်တင်နိုင်ရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် လေ့လာဆောင်ရွက်သွားရန်လိုကြောင်း၊ အများပြည်သူများနှင့်သက်ဆိုင်သည့် ပို့ဆောင်ရေးစနစ်(Public Transportation) ရထားပို့ဆောင်ရေးစနစ်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်မှသာ ကောင်းမွန်သည့် ပို့ဆောင်ဆက်သွယ်ရေးစနစ်များ ဖြစ်လာမည်ဖြစ်ကြောင်း။

တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့ တွေ့မြင်ခဲ့ရကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် တွေ့ဆုံဆွေးနွေးစဉ်ကလည်း မိမိတို့နိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အကူအညီများတောင်းခံခဲ့ပြီး မိမိတို့နိုင်ငံအတွက် အထောက်အပံ့များ အထိုက်အလျောက်ရရှိခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာ မိုဒီနှင့် တွေ့ဆုံဆွေးနွေးစဉ်ကလည်း မိမိတို့နိုင်ငံ၏ ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးအတွက် အကူအညီများရရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးအတွက်လိုအပ်သည့် လမ်း၊ တံတားများ၊ အဆောက်အအုံများအား အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်နိုင်မှသာ ပြည်သူများ၏ လူမှုဘဝများ ပုံမှန်ပြန်လည်လည်ပတ်နိုင်မည်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

**❍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန်လို၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန် အလေးအနက်မှာကြားလို၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်ရေး မိမိတို့နိုင်ငံထက် ပိုမိုသာလွန်ကောင်းမွန်သည့် နိုင်ငံများ၏ စိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာဆောင်ရွက်သွားရန်လို**

*စာမျက်နှာ ၃ မှ*

### ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး

မိမိအနေဖြင့် တီယန်ကျင်းမြို့နှင့် စီချွမ်ပြည်နယ်၊ ချန်ဒူးမြို့တို့၌ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ကုန်သည်များနှင့်တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုကြသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ယခင်က ဆောင်ရွက်လျက်ရှိသည့် မိမိတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ကြန့်ကြာမှုမရှိစေရေး ပြန်လည်စိစစ်ဆောင်ရွက်ရန်လိုသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံဝင်ရောက်လာနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာခြင်း၊ နည်းပညာများရရှိခြင်းတို့မှ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုအတွက် တရုတ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် တရုတ်ယွမ်ငွေဖြင့် ရင်းနှီးမြှုပ်နှံလိုကြသည်ကို သိရှိခဲ့ရကြောင်း၊ ကုန်သွယ်မှုတွင်လည်း ယွမ်နှင့် ကျပ်တိုက်ရိုက်ပေးချေခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပမာဏများစွာရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဒေါ်လာဖြင့်သာမကယွမ်နှင့်ပါ ဆောင်ရွက်နိုင်မည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုများပိုမိုတိုးတက်လာပြီး နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုကို ယွမ်ဖြင့်ပြုလုပ်နိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စီးပွားရေးမြှင့်တင်မှုများ ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို များစွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာစေရေးအတွက် ဝန်ကြီးဌာနများအလိုက် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

တရုတ်နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြန်ဆန်တိုးတက်စေရေး နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သည့် မြန်မာ-တရုတ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအသင်းကို ဖွဲ့စည်းဆောင်ရွက်ရန် ပြောကြားထားပြီးဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေးထွက်ကုန်ပစ္စည်းများ ပိုမိုတိုးတက်အောင် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ပြည်ပပို့ကုန်ကဏ္ဍအား အချိန်ယူလေ့လာကြည့်ရာတွင် လမ်းစဉ်ပါတီခေတ်၌ လယ်ယာထွက်ကုန် ၅၀ ရာခိုင်နှုန်းခန့်ရှိပြီး နဝတခေတ်တွင် လယ်ယာထွက်ကုန် ၃၀ ရာခိုင်နှုန်းကျော်ခန့် ရှိကြောင်း၊ သစ်တောထွက်ပစ္စည်း၊ ရေထွက်နှင့် တွင်းထွက်ပစ္စည်းများ ပိုမိုများပြားသည်ကို တွေ့ရကြောင်း၊ နယကခေတ်တွင် လယ်ယာထွက်ကုန်များကို ၂၀ ရာခိုင်နှုန်းပတ်ဝန်းကျင်ခန့်သာရှိကြောင်း၊ ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင်လည်း လယ်ယာထွက်ကုန်များကို ၂၀ ရာခိုင်နှုန်းပတ်ဝန်းကျင်ခန့်သာ တင်ပို့နိုင်ခဲ့ကြောင်း၊ မိမိတို့ အစိုးရသက်တမ်းကာလတွင် လယ်ယာထွက်ကုန်များကို ၃၉ ရာခိုင်နှုန်းခန့် တင်ပို့နိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်ကုန်ပစ္စည်းများထက် သယံဇာတပစ္စည်းများနှင့် CMP ထုတ်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်သည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်၍ လယ်ယာထွက်ကုန်ပစ္စည်းများကို ယခုထက် ပိုမိုတင်ပို့နိုင်ရန်လိုကြောင်း။

မိမိတို့အစိုးရ၏ ၅ နှစ်တာကာလအတွင်း ကုန်သွယ်မှုပို့ငွေ ဒေါ်လာ ၂ ဘီလီယံကျော်ခန့်ရှိသည်ကို တွေ့ရကြောင်း၊ သို့သော် ယခုထက်ပိုမို၍ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက ကုန်သွယ်မှုပို့ငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံစီးပွားရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ၂၀၂၂ ခုနှစ်မှစတင်၍ နိုင်ငံအတွင်း စားသုံးဆီများ လုံလောက်စွာထုတ်လုပ်နိုင်ရေး တိုက်တွန်းပြောကြားခဲ့သော်လည်း ယခုအချိန်အထိ လုံလောက်မှု မရှိသေးကြောင်း၊ ထို့ကြောင့်စားသုံးဆီများကိုပြည်ပမှတင်သွင်းနေရပြီး နှစ်စဉ် နိုင်ငံခြားငွေများ ကုန်ကျလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ဆီထွက်သီးနှံများကို တစ်ဧကအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးနိုင်မည်၊ နေကြာစိုက်ပျိုးရေးကို တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီများ ဖူလုံမှုရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများ စိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်အလေးထားဆောင်ရွက်သွားရန် လိုကြောင်း။

ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် နိုင်ငံခြားငွေများရရှိနိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်ပမှတင်သွင်းနေရသည့် ပြည်တွင်းထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်၍ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားရေးမြှင့်တင်မှုအတွက် အားလုံးက အလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိအနေဖြင့် ဟေလုံကျန်းပြည်နယ်နှင့် စီချွမ်ပြည်နယ်များသို့ ရောက်ရှိစဉ် ၎င်းတို့ပြည်နယ်များ၏ စိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာခဲ့ရကြောင်း၊ ၎င်းတို့အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်မီဒစ်ဂျစ်တယ်နည်းပညာများ၊ AI စနစ်များကို အသုံးပြု၍ ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိခဲ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၌ စက်မှုလယ်ယာစနစ် ကူးပြောင်းရန်ကြိုးပမ်းနေရချိန်တွင် အိမ်နီးချင်းနိုင်ငံ၌ ပို၍မြင့်မားသော အဆင့်ကို တက်လှမ်းနေပြီဖြစ်ကြောင်း၊ အလားတူ လူနေမှုအဆင့်အတန်းကောင်းမွန်မှု၊ သန့်ရှင်းသပ်ရပ်မှု၊ တစ်ဦးချင်း စည်းကမ်းလိုက်နာမှုနှင့် လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်မှုများကိုလည်း လေ့လာတွေ့ရှိခဲ့ရကြောင်း၊ မိမိတို့ထက် ကောင်းမွန်သာလွန်မှုများကို အတုယူဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့သွားရောက်ခဲ့သည့် ခရီးစဉ်သည် နိုင်ငံအတွက် အကျိုးရှိသည့် ခရီးစဉ်ဖြစ်ပြီး လေ့လာတွေ့ရှိခဲ့ရသည်များကို ပြန်လည်မျှဝေပေးခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌နေထိုင်သူများဖြစ်ပြီး ၎င်းလုပ်ငန်းကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန် အလေးအနက်မှာကြားလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်ရေး မိမိတို့နိုင်ငံထက် ပိုမိုသာလွန်ကောင်းမွန်သည့် နိုင်ငံများ၏ စိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာဆောင်ရွက်သွားရန် လိုကြောင်း။

### ဝါး၊ ဝါနှင့်ရော်ဘာကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သာမန်သဘောမျိုးဆောင်ရွက်ခြင်းထက် ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင် တီထွင်ကြံဆ၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ Agro-Base Industries တည်ဆောက်ခြင်းနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ အနှံ့အပြားတွင် ဝါးများထွက်ရှိကြောင်း၊ ဝါးပင်၏ သက်တမ်းသည် အများဆုံး ၁၀ နှစ်မှ နှစ် ၂၀ ခန့်ရှိပြီး အသုံးမပြုပါက အလဟဿဖြစ်ရကြောင်း၊ ထို့ကြောင့် ဒေသအလိုက် ဝါးမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သွားရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများက အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

အလားတူ ဝါနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဝါများစိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ဝါကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုကြောင်း၊ ဝါများ ယခုထက် ပိုမိုထွက်ရှိအောင် စိုက်ပျိုး၍ ဝါမှ ချည်ထည်နှင့် အခြားထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ရော်ဘာစိုက်ပျိုးမှုနှင့် ပတ်သက်၍လည်း ရော်ဘာကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုကြောင်း၊ ၎င်းဝါး၊ ဝါနှင့် ရော်ဘာတို့သည် မိမိတို့နိုင်ငံအတွင်းတွင် ရှိထားပြီး၊ စိုက်ပျိုးဖြစ်ထွန်းထွက်ရှိပြီး ပစ္စည်းများဖြစ်၍ အချိန်တိုအတွင်း ကုန်ချောနှင့် ရောင်းကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်သော လုပ်ငန်းများဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းများအတွက် လိုအပ်သော အရင်းအနှီး၊ နည်းပညာနှင့် လိုအပ်ချက်များကို နိုင်ငံတော်မှ ပံ့ပိုးကူညီသွားရန်အသင့်ရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများအတွက် စက်မှုကုန်ထုတ်လုပ်ငန်းများတိုးတက်စေရေး ရင်းနှီးမြှုပ်နှံရန် လိုအပ်သည့် ငွေကြေးများကို နိုင်ငံတော်မှထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ကော်ဖီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကော်ဖီသည် ကမ္ဘာပေါ်တွင် တန်းဝင်သည့် ကော်ဖီဖြစ်ကြောင်း၊ ထို့ကြောင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းများ တိုးတက်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်သွားရန်လိုကြောင်း။

ကုန်ထုတ်လုပ်ငန်းများအတွက် ပညာတတ်လူသားအရင်းအမြစ်များလည်း လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး မိမိတို့အစိုးရအနေဖြင့် မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အနည်းဆုံးအဆင့်အလယ်တန်းအဆင့်အထိ တက်ရောက်အောင်မြင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ သို့မှသာစက်မှုစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များရရှိလာမည်ဖြစ်ကြောင်း၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေးအခြေခံပညာကျောင်းများကို ဖွင့်လှစ်ထားသကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အဆင့်မြင့် ပညာရပ်များ သင်ကြားရာတွင်လည်း အဆင့်မီသည့် ပညာရေးဖြစ်စေရေး မဖြစ်မနေဆောင်ရွက်ပေးရန်လိုကြောင်း။

### ပညာရည်မြင့်မားရေး

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သဖြင့် ကျောင်းသားအများစုသည် အစိုးရကျောင်းများတွင် ပညာသင်ကြားကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများ အရည်အချင်းနှင့် အရေအတွက်ပြည့်မီရေး၊ ကျောင်းများအဆင့်မြှင့်တင်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ကျောင်းများ၌ ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ အပြည့်အဝသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းများ၏ ဥပမိရပ်များ ကောင်းမွန်စေရေးအတွက်လည်း သတ်မှတ်ထားသည့် အဆင့်နှင့်လျော်ညီသည့် အင်္ဂါရပ်များနှင့် ပြည့်စုံသည့်ကျောင်းများဖြစ်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

**နိုင်ငံတော်အစိုးရမှ ဖွင့်လှစ်ထားသည့် ကျောင်းများသည် ပြည်သူများက အားထားရသည့် စာသင်ကျောင်းများဖြစ်ရန်လို**ကြောင်း၊ ဆရာ၊ ဆရာမများအတွက် လိုအပ်သည့် သက်သာချောင်ချိမှုနှင့် နေထိုင်စားသောက်မှုများ အဆင်ပြေစေရေး နိုင်ငံတော်မှ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယခုသို့ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့နိုင်ငံအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ လုံလောက်စွာရရှိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

လတ်တလောဖြစ်ပေါ်နေသည့် နီပေါနိုင်ငံအတွင်း ဆူပူမှုများနှင့်ပတ်သက်၍ လေ့လာကြည့်သည့်အခါ ဆိုရှယ်မီဒီယာများအား မှတ်ပုံတင်ရန်ဆောင်ရွက်ခြင်းမှစတင်၍ ဖြစ်ပေါ်လာသည်ဟု သိရှိရကြောင်း၊ သို့သော် အဆိုပါဆူပူမှု၏ နောက်ကွယ်တွင် အင်အားကြီး နိုင်ငံအချို့ ပါဝင်နေသည်ကို လေ့လာသိရှိရကြောင်း၊ ထိုသို့ ဆူပူမှုများဖြစ်ပေါ်ခြင်းအပေါ် မိမိတို့နိုင်ငံအတွက် သင်ခန်းစာဖော်ထုတ်ဆောင်ရွက်သွားရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ အလုပ်လက်မဲ့များ လျော့ပါးစေရေးနှင့် ပတ်သက်၍လည်း အထူးအလေးထား ဆောင်ရွက်သွားရန် လိုကြောင်း၊

*စာမျက်နှာ ၅ သို့*

**❂ မိမိတို့နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပမာဏများစွာရှိ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဒေါ်လာဖြင့်သာမက ယွမ်နှင့်ပါ ဆောင်ရွက်နိုင်မည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာပြီး နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်၊ ထို့ကြောင့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုကို ယွမ်ဖြင့်ပြုလုပ်နိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်၊ မိမိတို့အနေဖြင့် စီးပွားရေးမြှင့်တင်မှုများ ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို များစွာဆောင်ရွက်နိုင်မည်ဖြစ်**

# ရွေးကောက်ပွဲအောင်မြင်စေရန်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်မည့်သူများ ပေါ်ထွက်လာစေရေး သက်ဆိုင်ရာဝန်ကြီးချုပ်များက ဦးဆောင်ပြီး ဆောင်ရွက်ပေးသွားကြရန် မှာကြားလို

*စာမျက်နှာ ၄ မှ*

အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသူများ များပြားလာပြီး ၎င်းတို့ သွားရောက်သည့် နိုင်ငံများမှ ဥပဒေအောက်တွင် နေထိုင်ကြရကြောင်း၊ အချို့ ဖိနှိပ်ခံရမှုများရှိသည်ဟု သိရကြောင်း၊ မိမိတို့နိုင်ငံသားများအားလုံး နိုင်ငံတော်၏ အရိပ်အာဝါသအောက်တွင် ပျော်ရွှင်အေးချမ်းစွာဖြင့် နေထိုင်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံအား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း။

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး**

ဒီဇင်ဘာလ ၂၈ ရက်တွင်ကျင်းပမည့်ရွေးကောက်ပွဲသည် သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရမည်ဖြစ်ပြီး လွှတ်တော်သည်လည်း သိက္ခာရှိသည့် လွှတ်တော်ဖြစ်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ခံကိုယ်စားလှယ်များ ဘေးကင်းလုံခြုံစွာဖြင့် မဲဆွယ်စည်းရုံးနိုင်ရေးအတွက်လည်း သက်ဆိုင်ရာလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများက အလေးပေးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရွေးကောက်ပွဲအောင်မြင်မှု မရှိစေရေးအတွက် အဖျက်အမှောင့် လုပ်ဆောင်လာသူများကိုလည်း ထိရောက်စွာ အရေးယူမှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရွေးကောက်ခံမည့် ကိုယ်စားလှယ်များအနေဖြင့်လည်း နိုင်ငံ၏ အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ တို့တာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန် လိုကြောင်း၊ **ရွေးကောက်ပွဲအောင်မြင်စေရန်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်မည့်သူများ ပေါ်ထွက်လာစေရေး သက်ဆိုင်ရာဝန်ကြီးချုပ်များက ဦးဆောင်ပြီး ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း** ပြောကြားသည်။

**အထွေထွေဆွေးနွေးတင်ပြ**

ထို့နောက် ကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကိုယ်စားလှယ်လောင်းများ လုံခြုံရေးနှင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်စဉ် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လျာထားမှု၊ ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်မှုများအား နှောင့်ယှက်သူများကို ရွေးကောက်ပွဲကာကွယ်ရေးဥပဒေဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲဝင်ရောက်မည့် ပါတီများ၏ ပါတီဝင်များအား စာရင်းကိုက်ညီမှုရှိစေရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများ၏ အချက်အလက်များ၊ ဝန်ထမ်းများ၏ အချက်အလက်များသည် ဆိုရှယ်မီဒီယာများ အသုံးပြုမှုမှတစ်ဆင့် လုံခြုံရေးကျိုးပေါက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ လုံခြုံရေးဆိုင်ရာအချက်အလက်များ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များသည် တိုက်ရိုက်ကျိုးပေါက်ခြင်း၊

> ❖ **ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲသည် သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရမည်ဖြစ်ပြီး လွှတ်တော်သည်လည်း သိက္ခာရှိသည့် လွှတ်တော်ဖြစ်ရမည်ဖြစ်၊ ရွေးကောက်ခံကိုယ်စားလှယ်များ ဘေးကင်းလုံခြုံစွာဖြင့် မဲဆွယ်စည်းရုံးနိုင်ရေးအတွက်လည်း သက်ဆိုင်ရာ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများက အလေးပေးဆောင်ရွက်ပေးသွားရန်လို၊ ရွေးကောက်ပွဲ အောင်မြင်မှုမရှိစေရေးအတွက် အဖျက်အမှောင့် လုပ်ဆောင်လာသူများကိုလည်း ထိရောက်စွာ အရေးယူမှုများ ဆောင်ရွက်သွားရန်လို**

ယင်းနောက် ကော်မရှင်အတွင်းရေးမှူးက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖြစ်ပေါ်ခဲ့သည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ကျောင်းသား၊ ကျောင်းသူများ၏ စာရိတ္တမဏ္ဍိုင်များ ထိန်းသိမ်းနိုင်ရေး ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တာဝန်ရှိသူများ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှု၊ သာသနာရေးဆိုင်ရာများတွင် ဝိနည်းနှင့် လျော်ညီမှုမရှိစွာနေထိုင်သည့် သံဃာများနှင့် သီလရှင်များအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ တရားမဝင် နိုင်ငံကူးလက်မှတ်များ ဆောင်ရွက်သူများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ဒေသမှ တရားမဝင်ကုန်သွယ်မှုများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

သွယ်ဝိုက်၍ ကျိုးပေါက်ခြင်းများဖြင့် တစ်ဦးတစ်ယောက်ချင်း ထိခိုက်ခြင်း၊ ဌာနအလိုက် ထိခိုက်ခြင်း၊ ထိုမှတစ်ဆင့် နိုင်ငံတော်အဆင့် ထိခိုက်ခြင်းများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ သို့ဖြစ်၍ လုံခြုံရေးပိုင်းဆိုင်ရာ အရ အသိပညာပေးရန်နှင့် ထိထိရောက်ရောက် ကြပ်မတ်ခြင်းများ ဆောင်ရွက်သွားရန် လိုကြောင်း။

တရားမဝင်ကုန်သွယ်မှုနှင့် ပတ်သက်၍လည်း မိမိတို့အနေဖြင့် ထိရောက်စွာ တားဆီးနှိမ်နင်းသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့် ပတ်သက်၍လည်း နယ်စပ်ဂိတ်များ တရားဝင်ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တိုက်တွန်းပြောဆိုလျက်ရှိကြောင်း၊ နယ်စပ်ဂိတ်များ တရားဝင်ဖွင့်လှစ်နိုင်မှုမရှိဘဲ တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်နေခြင်းသည် ကျားသေကို အသက်သွင်းခြင်း၊ သူခိုးဓားရိုးကမ်းခြင်းပင်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်တားဆီးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်မှုများကိုလည်း လျော့ကျလာစေနိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများနှင့် ထိစပ်နေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် တရားမဝင်ကုန်သွယ်မှုများနှင့် ပတ်သက်၍ ထိထိရောက်ရောက် ကိုင်တွယ်ကြပ်မတ်သွားရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများ ရှိနေသရွေ့ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေး ခက်ခဲနေမည်ဖြစ်သဖြင့် ပါဝင်ပတ်သက်နေသူများ အားလုံးကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို ဖော်ထုတ်တားဆီးရန် တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ကြရန် လိုကြောင်း။

မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်း ဖော်ထုတ်ဖမ်းဆီးရမိမှုများ များပြားနေဆဲဖြစ်ပြီး ထုတ်လုပ်မှုရှိနေခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုမရှိစေရေး ဖော်ထုတ်တားဆီးနှိမ်နင်းသွားကြရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုမလုပ်ဆောင်နိုင်မှသာလျှင် ဖြန့်ဖြူးမှုနှင့် ရောင်းဝယ်မှုများသည်လည်း လျော့ကျသွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးနှင့်ဆက်စပ်၍ အွန်လိုင်းလိမ်လည်မှုများကိုလည်း တားဆီးနှိမ်နင်းသွားကြရန် လိုကြောင်း။

မိမိတို့အားလုံးသည် နိုင်ငံတော်ကို ကောင်းမွန်တိုးတက်အောင် ရည်ရွယ်ဆောင်ရွက်နေကြသူများဖြစ်သဖြင့် ရည်မှန်းချက်များ အောင်မြင်စေရေး အားလုံးက ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ **နိုင်ငံသူ နိုင်ငံသားများအားလုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်စိတ်နှလုံး ချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေး၊ ဆင်းရဲချမ်းသာကွာဟမှု လျှော့ချပေးနိုင်ရေး အာရုံစိုက်၍ အလေးထားဆောင်ရွက်**ပေးကြရန် ပြောကြားလိုကြောင်း၊ အရေးကြီးသည်မှာ နိုင်ငံ၏ စီးပွားရေး တိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၁၂**

၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် တက်ရောက်သည်။



အဆိုပါ အားကစားပြိုင်ပွဲသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်း ဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၄ သင်းမှ အားကစားသမားများ နေရာယူကြသည်။

ထို့နောက် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားသမားများက တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား တပ်မတော် အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ်က အဖွင့်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ စစ်ရေးပြမှူးကြီး ဦးဆောင်၍ အလံတော်အဖွဲ့နှင့် အတူ ပြိုင်ပွဲဝင်အသင်းများက တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြု ထွက်ခွာကြသည်။

ထို့နောက် တပ်မတော် အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲမှ အမျိုးသမီး (မီတာ၊ ၁၀၀) တန်းကျော် အပြေးပြိုင်ပွဲ (ဗိုလ်လုပွဲ)၊ အမျိုးသား/ အမျိုးသမီး(မီတာ၊ ၁၀၀) အပြေးပြိုင်ပွဲ (လူရွေးပွဲ)နှင့် အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ ၄ယောက်တွဲ လက်ဆင့်ကမ်းပြိုင်ပွဲ လူရွေးပွဲများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲများအား စက်တင်ဘာ ၁၆ ရက်အထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့သို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ထံမှ ပေးပို့သည့်သဝဏ်လွှာ

## (၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၈ ၌ "နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်"ဟု အတိအလင်းပြဋ္ဌာန်းထားရှိပါသည်။ မြန်မာနိုင်ငံသည် ၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် ယင်း၏နောက်ဆက်တွဲစာချုပ်များတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဥပဒေအမှတ် ၅/၂၀၀၅ ဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေကို ၂၁-၁၂-၂၀၁၆ မှစတင်ပြီး ပြောင်းလဲလာသောလူကုန်ကူးမှုပုံစံများ၊ နိုင်ငံတကာစံနှုန်းများနှင့် ချိန်ညှိ၍ ပြင်ဆင်ရေးဆွဲခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ စတင်ပြဋ္ဌာန်းခဲ့သည့် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလာခဲ့သည်မှာ ယခုအခါ (၁၃)ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

အဆိုပါ ဥပဒေအသစ်အရ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ၅ နှစ် စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့နှင့် အခြားလိုအပ်သည့် လုပ်ငန်းကော်မတီများကို တိုးချဲ့ဖွဲ့စည်းခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ပထမ ၅ နှစ်စီမံကိန်း (၂၀၀၇-၂၀၁၁)၊ ဒုတိယ ၅ နှစ်စီမံကိန်း (၂၀၁၂-၂၀၁၆)၊ တတိယ ၅ နှစ်စီမံကိန်း (၂၀၁၇-၂၀၂၁)များနှင့် နှစ်အလိုက်လုပ်ငန်းစီမံချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရေးဆွဲအကောင်အထည်ဖော်နိုင်ခဲ့ပြီး လက်ရှိတွင် စတုတ္ထ ၅ နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ စတုတ္ထနှစ်ဖြစ်သည့် ၂၀၂၅ ခုနှစ် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် မြန်မာနိုင်ငံသည် အိမ်နီးချင်း တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာများ ရေးထိုး၍လည်းကောင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်များကို အထူးပြုသော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း (ASEAN Convention Against Trafficking in Persons Especially Women and Children-ACTIP)၊ မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ၏ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး စီမံကိန်း (Coordinated Mekong Ministerial Initiative against Trafficking -COMMIT)၊ ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation-BIMSTEC)၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှုတိုက်ဖျက်ရေးဆိုင်ရာဘာလီလုပ်ငန်းစဉ်(Bali Process on People Smuggling, Trafficking in Persons and Related Transnational Crime-Bali Process) နှင့် လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (Lancang-Mekong Integrated Law Enforcement and Security Cooperation Center-LMLECC) တို့တွင် ပူးပေါင်းပါဝင်၍ လည်းကောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးကိစ္စရပ်များတွင် တက်ကြွစွာကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

လူကုန်ကူးခံရခြင်းသည် ဆင်းရဲနွမ်းပါးခြင်း၊ ပညာရေးအခြေအနေနိမ့်ကျခြင်း၊ ဗဟုသုတနည်းပါးခြင်းစသည့် အခြေခံအချက်အလက်အချို့မှုသာမကဘဲ အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်ရန် ပညာရေးစရိတ်လိုအပ်ခြင်း၊ မိသားစုအတွက် များပြားသည့်ဝင်ငွေရရှိလိုခြင်း၊ ပိုမိုမြင့်မားသော လူနေမှုဘဝကို မျှော်မှန်းခြင်း၊ လက်ရှိအခြေအနေအပေါ်တွင် စိတ်ကျေနပ်မှုမရှိခြင်း၊ အောင်မြင်မှုရသည့်ဘဝများကို အားကျခြင်းစသည့် အရင်းခံအကြောင်းအရာများစွာ ရှိနေပါသည်။

လက်ရှိမြန်မာအမျိုးသမီးများကို မိမိနိုင်ငံအတွင်းသို့ လာရောက်စည်းရုံးကာ အယောင်ပြလက်ထပ်ပြီး ပြည်ပနိုင်ငံများသို့ ခေါ်ထုတ်သည်အထိ အတင့်ရဲလာသော လူကုန်ကူးမှုများကို ဖော်ထုတ်ရရှိနေပြီး မြန်မာအမျိုးသမီးများနှင့် ပြည်ပနိုင်ငံခြားသားများ ထိမ်းမြားလက်ထပ်ရန်ဆောင်ရွက်ပေးကြသူများနှင့် ဥပဒေကို လက်တစ်လုံးခြားလုပ်နေသူများကိုလည်း ဖော်ထုတ်အရေးယူလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်းအထိ လက်ထပ်ရန် လာရောက်စည်းရုံးခဲ့သည့် ဖြစ်စဉ်များနှင့်အတူ Online မှတစ်ဆင့် လိင်ပိုင်းဆိုင်ရာထုတ်လွှင့်ပြသရန် စည်းရုံးသိမ်းသွင်းခဲ့သည့် ဖြစ်စဉ်များကိုလည်း ဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထို့ကြောင့် နိုင်ငံခြားသားများနှင့်လက်ထပ်သည့် မြန်မာအမျိုးသမီးများ လူကုန်ကူးခံရမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် လုပ်ငန်းစဉ် အဆိုပြုချက်များချမှတ်ပြီး ၂၀၂၅ ခုနှစ်၊ မတ်လမှစ၍ ထိရောက်စွာအကောင်အထည်ဖော်လျက်ရှိပါသည်။ အဆိုပါ လုပ်ငန်းစဉ်တွင် အဓိကအားဖြင့် သတင်းလက်ဦးမှု ရယူခြင်း၊ တားဆီးကာကွယ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းစသည့် အချက် ၃ ချက် ပါဝင်ပြီး မြန်မာအမျိုးသမီးများအား အတုအယောင်ထိမ်းမြားလက်ထပ်သော လူကုန်ကူးမှုများကို တိုက်ဖျက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လူကုန်ကူးမှုများသည် ခေတ်စနစ်အလိုက် အခြေအနေများနှင့် နည်းပညာတိုးတက်ဖွံ့ဖြိုးမှုတို့အပေါ်လိုက်ပါပြီး ပုံစံပြောင်းလဲလာသည်ကို ဂရုပြုကြရမည်ဖြစ်ပြီး လက်ရှိအွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုတို့ ပြုလုပ်ကြသော Online Scam လုပ်ငန်းများသည် လူသစ်စုဆောင်းရာတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများအဖြစ် အွန်လိုင်းမှတစ်ဆင့် လစာအမြောက်အမြားရရှိမည့်အသွင်ဖြင့် မက်လုံးပေးစည်းရုံး ခေါ်ဆောင်လာခဲ့ကြပါသည်။ နိုင်ငံအများအပြားမှ အိုင်တီနည်းပညာကျွမ်းကျင်သူများ အပါအဝင် ပညာတတ်အများအပြားတို့ စုဆောင်းခံခဲ့ကြရပြီး အွန်လိုင်းမှတစ်ဆင့် မက်လုံးပေးလိမ်လည်မှုများအပေါ် ယုံကြည်မှုလွန်ကဲခြင်းကြောင့် လူကုန်ကူးမှုကျူးလွန်ခြင်းခံနေကြရပါသည်။ လူကုန်ကူးသူများသည် ကမ္ဘာတစ်ဝန်းတွင် အသုံးပြုနေကြသော လူမှုကွန်ရက်မီဒီယာများကို အသုံးပြုကာ လိမ်လည်မှုအမျိုးမျိုးပြုလုပ်နေကြရာတွင် အသက်အရွယ်မရွေး၊ လူတန်းစားမရွေး၊ အချိန်မရွေး သားကောင်ဘဝ ကျရောက်သွားနိုင်သဖြင့် "No one is immune to trafficking" ဟူ၍ ပြောကြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျူးလွန်လေ့ရှိသည့် အွန်လိုင်းလိမ်လည်မှုပုံစံ ၉ မျိုး တွေ့ရှိရပြီး အဓိကအားဖြင့် ငွေကြေးဆိုင်ရာနှင့်တိုက်ရိုက်ပတ်သက်နေပြီး ပစ်မှတ်များမှာ ငွေကြေးချမ်းသာကြွယ်ဝသော နိုင်ငံများအား အဓိကဦးတည်နေသည်ကို စိစစ်တွေ့ရှိရပါသည်။ မိမိနိုင်ငံတွင်းက ပြည်သူများသည်လည်း လိမ်လည်မှု၏ သားကောင်ဖြစ်နေကြပြီး အဆိုပါ အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများတွင် အတင်းအကျပ်ဖိအားပေးစေခိုင်းခံနေရသည့် Victim များတွင် နိုင်ငံအသီးသီးမှ ပညာတတ်လူငယ်များ ပါရှိနေသည်ကို တွေ့ရသည့်အပြင် မြန်မာနိုင်ငံမှ လူငယ်အချို့သည်လည်း အာဆီယံဒေသတွင်း နိုင်ငံအချို့တွင် Victim အဖြစ် ရောက်ရှိနေကြပါသည်။

ကမ္ဘာတစ်ဝန်း ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုပြဿနာများနှင့် စပ်လျဉ်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့် နိုင်ငံများတွင် လူကုန်ကူးမှု ပိုမိုဖြစ်ပွားသည်ဟူ၍လည်းကောင်း၊ ဆင်းရဲနွမ်းပါး၍ ပညာရည်နိမ့်ပါးသူများသာ လူကုန်ကူးမှုကို ခံကြရသည်ဟူ၍လည်းကောင်း ယေဘုယျအားဖြင့် ရှုမြင်ကြပါသည်။ သို့ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ချမ်းသာသည့်နိုင်ငံများသည်လည်း လူကုန်ကူးမှုပြဿနာနှင့် မကင်းသည့်အပြင် လူကုန်ကူးခံရသူများတွင် ပညာတတ်များလည်း ပါဝင်လျက်ရှိရာ လူကုန်ကူးမှုသည် အခြားမမျှော်မှန်းနိုင်သော အကြောင်းများအပေါ် အခြေခံလျက်ရှိပါသည်။

အွန်လိုင်းလိမ်လည်မှုများနှင့် ဆက်နွှယ်သော လူကုန်ကူးမှုတိုက်ဖျက်ရေး စီမံချက်ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီရေးဆွဲခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဧပြီ ၁ ရက်မှစ၍ Pilot Project အနေဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပြစ်မှုကျူးလွန်သူများသည် တိုးတက်လာသောနည်းပညာများကို အခြေခံကာ စနစ်တကျဂိုဏ်းဖွဲ့ပြီး လမ်းကြောင်းပုံစံသစ်များဖြင့် ပြောင်းလဲကျူးလွန်လာသည့်အတွက် ထိရောက်စွာတားဆီးထိန်းချုပ်ခြင်း၊ ကြိုတင်ကာကွယ်နိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်းနှင့် ကျူးလွန်သူများကို ပြင်းထန်ထိရောက်သည့် အပြစ်ပေးအရေးယူမှုများပြုခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် ၅ နှစ်စီမံကိန်းများ၏ အားနည်းချက်/ အားသာချက်များ၊ နည်းပညာ တိုးတက်မှု၊ ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံသစ်များ၊ လမ်းကြောင်းများ၊ နိုင်ငံတကာတွင် ကျင့်သုံးနေသော အလေ့အထများအပေါ်အခြေခံ၍ ပြည်တွင်းရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုကိစ္စရပ်များတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်ရာ၌ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်သာမက အိမ်နီးချင်းနိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအပြင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လူကုန်ကူးခံရသူအားလုံးကို ကာကွယ်စောင့်ရှောက်ခြင်း၊ အထူးသဖြင့် လူကုန်ကူးခံရသူအမျိုးသမီးနှင့် ကလေးသူငယ်များအား အလေးဂရုပြု၍ အကာအကွယ်နှင့်အကူအညီပေးခြင်း၊ လူကုန်ကူးမှုကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိုက်သင့်သောပြစ်ဒဏ်များချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများ လျော့နည်းပပျောက်စေခြင်း၊ လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့အား လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများကို ဗဟိုအဖွဲ့၏ ဦးဆောင်မှု၊ ဆက်စပ်ဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်၍ ၂၀၂၅ ခုနှစ်၊ (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **"လူကုန်ကူးမှု တိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှုအဆုံးသတ်စို့"** ဆိုသည့်အတိုင်း မြန်မာနိုင်ငံတွင် လူကုန်ကူးခြင်းနှင့်ပတ်သက်သော ခေါင်းပုံဖြတ်မှုများအား အဆုံးသတ်နိုင်ရေးအတွက် ပြည်သူလူထု၏ သတင်းပေးကူညီမှုများဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများက တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး လူကုန်ကူးမှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ကာ ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်ခြင်းအားဖြင့် လူကုန်ကူးမှုများကို အောင်မြင်စွာတားဆီးကာကွယ် တိုက်ဖျက်သွားနိုင်မည်ဟု ယုံကြည်မိပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

# ဒေါက်တာအေးမောင် အား ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ(က)အရ အရေးယူထားခြင်း ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၀၂ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
( ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် )
**ဒေါက်တာအေးမောင် ကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ(က)အရ အရေးယူထားခြင်းအား ပယ်ဖျက်ခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၈ - ၅ - ၂၀၂၀ ရက်စွဲပါ ကြေညာချက် အမှတ် ( ၉၆/၂၀၂၀) ဖြင့် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲ၌ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသော ဒေါက်တာအေးမောင် အား စစ်တွေခရိုင်တရားရုံးက ရာဇဝတ်ကြီးအမှုအမှတ်၊ ၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ ပုဒ်မခွဲ(ခ)နှင့် ရာဇဝတ်ကြီးအမှုအမှတ်၊ ၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၁၂၂ ပုဒ်မခွဲ(၁) တို့အရ ပြစ်မှုထင်ရှား စီရင်ခဲ့သဖြင့် ပြစ်ဒဏ်ကျခံခဲ့ရခြင်းကြောင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (ဃ)ပါ ပြဋ္ဌာန်းချက်နှင့်ငြိစွန်းသဖြင့် ယင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်းနှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ(က)အရ ကြေညာသည့်နေ့မှစ၍ နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ၁၁-၉-၂၀၂၅ ရက်စွဲပါအမိန့်အမှတ်၊ (၇/၂၀၂၅)ဖြင့် ယာယီသမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ (ခ) တွင် ပြဋ္ဌာန်းထားသည့် အခွင့်အာဏာကိုကျင့်သုံးလျက် စစ်တွေခရိုင်တရားရုံးက ရာဇဝတ်ကြီးအမှုအမှတ်၊ ၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ ပုဒ်မခွဲ(ခ) နှင့် ရာဇဝတ်ကြီးအမှုအမှတ်၊ ၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၁၂၂ ပုဒ်မခွဲ(၁)တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့သဖြင့် ပြစ်ဒဏ်ကျခံခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အရ ပြန်လည်လွတ်မြောက်လာခဲ့သည့် ဒေါက်တာအေးမောင်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော နိုင်ငံတော်၏ဦးတည်ချက်များကို အစဉ်တစိုက် မမိုတ်မသုန် စွဲမြဲစွာခံယူစောင့်ထိန်းသွားမည်ဟု သန္နိဋ္ဌာန်ပြုကာ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန် ကတိကဝတ်ပြုမှုအရ ၎င်းအပေါ်ပြစ်မှုထင်ရှားစီရင်ထားသည့် ပြစ်မှုနှင့်ပြစ်ဒဏ်များအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၈-၅-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် (၉၆/၂၀၂၀)ဖြင့် ဒေါက်တာအေးမောင် [ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၃ / နခန(နိုင်) ၀၀၉၉၉၉] ကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ(က)အရ နောင်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း ကြေညာထားခြင်းအား ပယ်ဖျက်လိုက်သည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံ

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး အားလုံးစုစည်းပြီး မိသားစုစိတ်ဓာတ်ဖြင့် ပေါင်းစည်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး(ယာပုံ) က တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသားပေါင်းစုံစုစည်းနေထိုင်လျက်ရှိရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားလုံးစုစည်းပြီး မိသားစုစိတ်ဓာတ်ဖြင့် ပေါင်းစည်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများသည် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများကိုအခြေခံ၍ အရည်အသွေးပြည့်မီသော ပို့ကုန်များကို ဦးစားပေးထုတ်လုပ်ကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံ့စီးပွားရေးကဏ္ဍတွင် စိုက်ပျိုးရေးထုတ်ကုန်ကိုအခြေခံသည့် ပို့ကုန်များကို Value Added ပြုလုပ်၍ ဦးစားပေးထုတ်လုပ်ကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ကောင်းများ ပေးနိုင်မည်ဖြစ်ကြောင်း။

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ အနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့်ဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာပြီး ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သလို ဥပဒေဆိုင်ရာကိစ္စများကို အသိပေးဆောင်ရွက်သွားမည်ဖြစ်ပြီး အသင်းအဖွဲ့များအနေဖြင့်လည်း ဥပဒေဘောင်အတွင်းမှ မိမိတို့၏ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကိစ္စရပ်များကို ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့ဝင်များက အဖွဲ့၏ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ အခက်အခဲနှင့် လိုအပ်ချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တက်ရောက်လာသူများက အထွေထွေဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအတွက် စာပေနှင့်ယဉ်ကျေးမှုကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် နောင်ချိုမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနေမှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၁၂**

နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် အခြေခံပညာ အလယ်တန်းကျောင်းခွဲ (နောင်ချို)၌ ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ သင်ယူနေမှုများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှု အားပေးပြီး မူလတန်းကျောင်းသား ကျောင်းသူများကို ကျောပိုးအိတ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ စသည်တို့ကို ပေးအပ်သည်။(ယာပုံ)

ထို့နောက် နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ပညာရေးမှူးများ၊ နောင်ချိုမြို့ပေါ်ရှိ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများနှင့်တွေ့ဆုံရာ ဒုတိယဝန်ကြီးက နောင်ချိုမြို့တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်သည်မှာ အချိန်ကာလ တိုတောင်းသော်လည်း ပြန်လည်ဖွင့်လှစ်သည့် ကျောင်းအရေအတွက်နှင့်ပြန်လည်တက်ရောက်သည့် ကျောင်းသားကျောင်းသူ အရေအတွက်သည် တစ်နေ့ထက်တစ်နေ့ ပုံမှန်တိုးတက်နေသည်ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ပိတ်ထားသည့်ကျောင်းများ ပြန်လည်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆရာ ဆရာမများ အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း။

နိုင်ငံတော်က သက်ဆိုင်ရာအတန်းအလိုက် အခမဲ့ပေးဝေသည့် ပုံနှိပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်စသည့် သင်ထောက်ကူပစ္စည်းများကို ကျောင်းသားကျောင်းသူ အားလုံးထံသို့ လက်ဝယ်အရောက် အပြည့်အစုံ ပေးဝေကြရမည် ဖြစ်ပါကြောင်း၊ ဆရာဆရာမများအနေဖြင့်ကျောင်းသား ကျောင်းသူများကို စာတတ်အောင်သင်ပေးရန်၊ အားကစားနှင့် ကာယပညာ လေ့ကျင့်မှုများ စာသင်ချိန်အလိုက် ဆောင်ရွက်ကြရန်နှင့် ကျောင်းစာကြည့်တိုက်များကို အကျိုးရှိထိရောက်အောင် အသုံးချ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ယင်းနောက်တက်ရောက်လာသည့် ကျောင်းအုပ်များ၊ ဆရာဆရာမများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ နောင်ချိုမြို့နယ် အခြေခံပညာမူလတန်းကျောင်း (ဘော်ရွာ/ရွှေညောင်ပင်)၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ (အုမ္မသီး)၊ အခြေခံပညာအလယ်တန်းကျောင်း (ရေဝင်-ပင်စုံ)၊ ပြင်ဦးလွင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (ဝက်ဝံ)နှင့် အခြေခံပညာအထက်တန်းကျောင်း (မိုးကြိုးပစ်ရွာ)များသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာလိုအပ်သည်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့စားသုံးဆီကဏ္ဍ အလားအလာ

**မာမာ(စက်မှု)**

**မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးစနစ်ဖြင့် ရပ်တည်နေသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုက နိုင်ငံစီးပွားရေးတွင် အရေးပါသောကဏ္ဍမှ ပါဝင်နေပါသည်။ နိုင်ငံ့လူဦးရေ၏ နေ့စဉ်စားသုံးမှုအတွက် အဓိကကျသော စားသုံးဆီဖူလုံရေးသည် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ တည်ငြိမ်မှုအတွက် အလွန်ပင်အရေးကြီးပါသည်။**

- **၂၀၂၄ ခုနှစ် ရွှေ့ပြောင်းလူဦးရေစာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေ ၅၁ ဒသမ ၃ သန်းကိုအခြေခံ၍ တစ်ဦးလျှင် တစ်နှစ် ဆီခြောက်ပိဿာ(သို့) ၉ ဒသမ ၆ ကီလိုဂရမ် စားသုံးသည်ဟု ယူဆတွက်ချက်ပါက နိုင်ငံတော်၏ နှစ်စဉ်စားသုံးဆီလိုအပ်ချက်မှာ ဆီတန်ချိန် ၅ ဒသမ ၀၃ သိန်းရှိ**
- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အချက်အလက်များအရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဆီထွက်သီးနှံများ၏ အသားတင်ထွက်ရှိမှုမှာ အတော်အတန် ကောင်းမွန်လိမ့်မည်ဟု မျှော်မှန်း**
- **ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်းနှင့် ပဲပုပ်တို့ကို ၈၆၉၁၁၄၃ ဧက စိုက်ပျိုးရန်လျာထားပြီး လျာထားအထွက်နှုန်းအရ မျိုး၊ အလေအလွင့်နှင့် အခြားသုံးများချန်ပြီး ဆီကုန်ကြမ်းများကို ကြိတ်ခွဲပါက စားသုံးဆီတန်ချိန် ၈ ဒသမ ၆ သိန်းခန့် ထွက်ရှိနိုင်မည်ဟု ခန့်မှန်းတွက်ချက်ရ**
- **ဆီထွက်သီးနှံ ကုန်ကြမ်းအားလုံးကို စားသုံးဆီထုတ်လုပ်မည်ဆိုပါက နိုင်ငံ၏ ဆီဖူလုံမှုသည် ၁၇၂ % ရှိမည်ဖြစ်ပြီး ဤအချက်သည် ပြည်တွင်းလိုအပ်ချက်ထက် ပိုလျှံသော ကုန်ကြမ်းပမာဏရှိနေကြောင်း ညွှန်ပြနေ**

မြန်မာနိုင်ငံသည် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်းနှင့် ပဲပုပ်တို့ကဲ့သို့သော သက်တမ်းတို ရာသီဆီထွက်သီးနှံများအပြင် ဆီအုန်းကဲ့သို့သော ဆီထွက်နှစ်ရှည်ပင်များကိုပါ စိုက်ပျိုးထုတ်လုပ်နိုင်သည့် ရေ၊ မြေ၊ ရာသီဥတုကို ပိုင်ဆိုင်ထားပါသည်။ မြန်မာနိုင်ငံ၏ မတူညီသော ရာသီဥတုဒေသများတွင် မတူညီသော ဆီထွက်သီးနှံများကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ပြီး တစ်နှစ်ပတ်လုံး ထုတ်လုပ်နိုင်သည့် အလားအလာရှိပါသည်။ အော်ဂဲနစ်နှင့် သဘာဝထွက်ကုန်များအဖြစ် ဖန်တီးနိုင်သည့် အလားအလာမြင့်မားပါသည်။ မြန်မာနိုင်ငံတွင် မြေပဲ၊ နှမ်း၊ နေကြာကို အများဆုံး စိုက်ပျိုးပြီး နှမ်းစိုက်ပျိုးထုတ်လုပ်မှုတွင် ကမ္ဘာ့အဆင့် ၄၊ မြေပဲစိုက်ပျိုးထုတ်လုပ်မှုတွင် ကမ္ဘာ့အဆင့် ၆ တွင် ရပ်တည်နေပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ နှမ်းမျိုးစုံတန်ချိန် ၇၄၀၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁၄ သန်းရရှိခဲ့ပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် နှမ်းတန်ချိန် ၉၀၀၀၀ ခန့် တင်ပို့နိုင်ရန် မျှော်မှန်းထားပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆၃ သန်း မျှော်မှန်းထားကာ လက်ရှိဘဏ္ဍာရေးနှစ် ပထမသုံးလပတ် (ဧပြီ-ဇွန်) တွင် နှမ်းမျိုးစုံတန်ချိန် ၆၀၀၀ ခန့် တင်ပို့ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၁ သန်းရရှိခဲ့ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်း၊ နှမ်းကုန်သည်များအသင်းမှ သိရှိရပါသည်။ မြန်မာနိုင်ငံမှ နှမ်းများကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေပြီး ထိုင်း၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နှင့် စင်ကာပူနိုင်ငံတို့ကိုလည်း တင်ပို့လျက်ရှိပါသည်။

### ပြည်တွင်း၌ အများဆုံးထုတ်လုပ်သည့် စားသုံးဆီများ၏ အားသာချက်များ

မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်းနှင့် ပန်းနှမ်းတို့တွင် မြေပဲသည် တစ်ဧကအထွက်နှုန်း အမြင့်ဆုံးဖြစ်ပါသည်။ နေကြာသည်လည်း ဆီထွက်ရှိမှုတွင် မြေပဲနှင့် နှမ်းတို့အား ယှဉ်နိုင်ပါသည်။ မြန်မာနိုင်ငံ၏ ရာသီဥတုသည် ဆီထွက်သီးနှံသုံးမျိုး စိုက်ပျိုးမှုအတွက် သင့်တော်ပါသည်။ မြေပဲ၊ နှမ်း၊ နေကြာတို့သည် ကာလတို ရာသီသီးနှံများဖြစ်သည့်အတွက် သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ပါသည်။ ယင်းက တောင်သူများနှင့် နိုင်ငံတော်အတွက် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်ရန် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါသည်။

မြေပဲသည် တစ်ဧကအထွက်နှုန်းများသဖြင့် ဆီအထွက်နှုန်းလည်းများသည်။ ပြည်တွင်း စားသုံးမှုတွင်လည်း မြေပဲဆီကို ကြိုက်နှစ်သက်မှုများသည်။ ဆီကြိတ်စက်များကလည်း မြေပဲကို အများဆုံး ကြိတ်ခွဲကြသည်။ ကျန်းမာရေးနှင့် အာဟာရဘက်မှကြည့်လျှင်လည်း မြေပဲဆီတွင် အာဟာရဓာတ် မိုနိုမပြည့်ဝဆီ ၄၆ ဂရမ်၊ ပိုလီမပြည့်ဝဆီ ၃၂ ဂရမ် ပါဝင်ပြီး ကျန်းမာရေးအတွက် မကောင်းသော ပြည့်ဝဆီမှာ ၁၇ ဂရမ်ခန့်သာ ပါဝင်သည်ဟု သိရပါသည်။ မြေပဲ၏ အားသာချက်တစ်ခုမှာ အချို့သော ဆီများကဲ့သို့ အရောင်အနံ့ချွတ်ရန်မလိုအပ်ဘဲ သဘာဝအတိုင်း ကြိတ်ခွဲထုတ်လုပ်နိုင်သဖြင့် သဘာဝအရောင်၊ အရသာများအတိုင်း ရရှိစေပါသည်။ မြေပဲတွင် အဓိကသတိပြုရမည်မှာ မခြောက်သွေ့လျှင် အာဖလာတောက်ဆင်မှိုဆိပ် ပါဝင်လာနိုင်ကြောင်း သိရပါသည်။

နေကြာဆီကို ကျန်းမာရေးနှင့် ညီညွတ်သောကြောင့် စားသုံးသူများ ကြိုက်နှစ်သက်မှုများလာနေပါသည်။ ပုံမှန်နေကြာဆီ ၁၀၀ ဂရမ်တွင် ပိုလီမပြည့်ဝဆီ (အိုမီဂါ-၃နှင့် အိုမီဂါ-၆) ၆၅ ဒသမ ၇ ဂရမ်၊ မိုနိုမပြည့်ဝဆီ (အိုမီဂါ-၉၊ အိုးလီရစ်အက်စစ်) ၁၉ ဒသမ ၅ ဂရမ်၊ ပြည့်ဝဆီ ၁၀ ဒသမ ၃ ဂရမ်တို့ ပါဝင်ပါသည်။ နေကြာဆီ၏ ရူပဓာတုဂုဏ်သတ္တိများတွင် အိုင်အိုဒင်းတန်ဖိုး ၇၈ မှ ၁၂၂ ဂရမ် /၁၀၀ ဂရမ်အထိ ပါဝင်နေသည်ကို တွေ့ရကြောင်းသိရသဖြင့် နေကြာဆီသည် မြေပဲဆီထက်ပင် ကျန်းမာရေးနှင့် ညီညွတ်သည်ဟု ဆိုနိုင်ပါသည်။ နေကြာဆီ၏ အားသာချက်တစ်ခုမှာ အာဖလာတောက်ဆင်မှိုဆိပ်လုံးဝကင်းစင်ခြင်းဖြစ်သည်ဟု သိရပါသည်။ မှိုဆိပ်ကင်းစင်သည့်အပြင် ဗီတာမင်ကေနှင့် ဗီတာမင်အီးကြွယ်ဝခြင်း၊ ကျန်းမာရေးအတွက် အထူးကောင်းမွန်သည့် အိုမီဂါ-၃ နှင့် အိုမီဂါ-၉ တို့ များစွာပါဝင်ကြောင်းသိရပါသည်။

နှမ်းဆီ ၁၀၀ ဂရမ်တွင် ပါဝင်သော အာဟာရဓာတ်များတွင် မိုနိုမပြည့်ဝဆီ (အိုးလီရစ်အက်စစ်) ၄၂ ဂရမ်၊ ပိုလီမပြည့်ဝဆီ (လီနိုလီရစ်အက်စစ်) ၄၃ ဂရမ်၊ ပြည့်ဝဆီ ၁၅ ဂရမ်နှင့် ဗီတာမင်ကေနှင့် အီးတို့ ပါဝင်ကြပါသည်။ ကိုလက်စထရောလည်း မပါဝင်ပါ။ အိုင်အိုဒင်းတန်ဖိုးမှာလည်း ၁၀၄ မှ ၁၂၀ ဂရမ် / ၁၀၀ ဂရမ် အထိပါဝင်ကြပါသည်။ နှမ်းကို မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးတွင် အများဆုံးစိုက်ပျိုးသကဲ့သို့ နှမ်းဆီစားသုံးမှုလည်းများပါသည်။

အထက်ပါ မြေပဲဆီ၊ နေကြာဆီနှင့် နှမ်းဆီတို့အပြင် ပဲပုပ်ဆီ၊ ပန်းနှမ်းဆီ၊ ဖွဲနုဆီနှင့် ပြောင်းဆီတို့မှာလည်း မြန်မာနိုင်ငံအတွင်း ထုတ်လုပ်နိုင်ကြပြီး စားသုံးရန်သင့်တော်သည့်အပြင် ကျန်းမာရေးနှင့် ညီညွတ်ခြင်း၊ အရွယ်တင်နုပျိုခြင်း စသောအချက်များကိုလည်း ဤဆီများထဲတွင် တွေ့နိုင်ပါသည်။

ပြည်ပမှတင်သွင်းနေရသည့် စားအုန်းဆီ ၁၀၀ ဂရမ်တွင် ပြည့်ဝဆီ ၅၄ ဒသမ ၃ ဂရမ်နှင့် မိုနိုမပြည့်ဝဆီ ၃၆ ဒသမ ၆ ဂရမ်နှင့် ပိုလီမပြည့်ဝဆီ ၉ ဂရမ်ခန့်သာ ပါဝင်ပါသည်။ စားအုန်းဆီတွင် ပါဝင်သော ပြည့်ဝဆီမှာမူ မကောင်းကျိုးဘက်သို့ ပို၍ သက်ရောက်သည်ဟု သိရပါသည်။ အခြားသော ဗီတာမင်ဓာတ်များလည်း ပါဝင်မှုမရှိဟု သိရပါသည်။ အိုင်အိုဒင်းတန်ဖိုးမှာ ပုံမှန်အားဖြင့် ၅၀ မှ ၅၅ ဂရမ်ခန့်သာ ပါဝင်ပါသည်။ စားအုန်းဆီကို နေ့စဉ်ချက်ပြုတ်စားသောက်ရာတွင်သုံးပါက သွေးကြောအတွင်း အဆီများစုလာကာ သွေးကြောများကျဉ်းလာမည်ဖြစ်ပါသည်။ ထို့ကြောင့် သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါများဖြစ်လာကာ နောက်ဆက်တွဲရောဂါအဖြစ် နှလုံးသွေးကြောပိတ်၍ နှလုံးကြွက်သားများ ထိခိုက်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ကာ လေဖြတ်ခြင်းတို့ ဖြစ်နိုင်ကြောင်း သိရှိရပါသည်။

ကျန်းမာရေးထိခိုက်ပါက ကြီးမားသောဆေးကုသစရိတ်ကိုပါ ထပ်မံကုန်ကျမည်ဖြစ်ပါသည်။ ထို့ကြောင့် စားသုံးသူများအနေဖြင့် ပြည်ပမှတင်သွင်းနေသော စားအုန်းဆီအစား ပြည်တွင်းထုတ် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို ပိုမိုအားပေးဝယ်ယူစားသုံးသင့်ပါသည်။

မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများကို ပြည်တွင်းဈေးကွက်တွင် လုံလောက်စွာရရှိရန် ဆီစက်များ များများလည်ပတ်နိုင်ရန် လိုအပ်ပါသည်။ ပြည်တွင်းတွင် ဆီစက်များ တိုးတက်လည်ပတ်နိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းလည်း တိုးတက်လာနိုင်ပါသည်။

### ပြည်တွင်းစားသုံးဆီ လိုအပ်ချက်

၂၀၂၄ ခုနှစ် ရွှေ့ပြောင်းလူဦးရေစာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေ ၅၁ ဒသမ ၃ သန်းကို အခြေခံ၍ တစ်ဦးလျှင် တစ်နှစ် ဆီခြောက်ပိဿာ (သို့) ၉ ဒသမ ၆ ကီလိုဂရမ် စားသုံးသည်ဟု ယူဆတွက်ချက်ပါက နိုင်ငံတော်၏ နှစ်စဉ်စားသုံးဆီ လိုအပ်ချက်မှာ ဆီတန်ချိန် ၅ ဒသမ ၀၃ သိန်း ရှိပါသည်။

### ဆီထွက်သီးနှံ ထွက်ရှိမှု ခန့်မှန်းချက် (၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အချက်အလက်များအရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဆီထွက်သီးနှံများ၏ အသားတင်ထွက်ရှိမှုမှာ အတော်အတန် ကောင်းမွန်လိမ့်မည်ဟု မျှော်မှန်းရပါသည်။ ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်းနှင့် ပဲပုပ်တို့ကို ၈၆၉၁၁၄၃ ဧက စိုက်ပျိုးရန်လျာထားပြီး လျာထားအထွက်နှုန်းအရ မျိုး၊ အလေအလွင့်နှင့် အခြားသုံးများချန်ပြီး ဆီကုန်ကြမ်းများကို ကြိတ်ခွဲပါက စားသုံးဆီတန်ချိန် ၈ ဒသမ ၆ သိန်းခန့် ထွက်ရှိနိုင်မည်ဟု ခန့်မှန်းတွက်ချက်ရပါသည်။ ဆီထွက်သီးနှံကုန်ကြမ်းအားလုံးကို စားသုံးဆီ ထုတ်လုပ်မည်ဆိုပါက နိုင်ငံ၏ ဆီဖူလုံမှုသည် ၁၇၂ % ရှိမည်ဖြစ်ပါသည်။ ဤအချက်သည် ပြည်တွင်းလိုအပ်ချက်ထက် ပိုလျှံသော ကုန်ကြမ်းပမာဏရှိနေကြောင်း ညွှန်ပြနေပါသည်။

### စားသုံးဆီထုတ်လုပ်မှုကဏ္ဍ

မြန်မာနိုင်ငံ၏ စားသုံးဆီကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်းကို ပုဂ္ဂလိကကဏ္ဍမှ အဓိကဦးဆောင်လျက်ရှိပါသည်။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ခုနှစ် စာရင်းများအရ မှတ်ပုံတင်ထားသော ပုဂ္ဂလိက ဆီကြိတ်စက်ရုံပေါင်း ၃၀၀၇ ရုံ ရှိပါသည်။ ၎င်းတို့ကို စက်စွမ်းအားအလိုက်ခွဲခြားပါက အကြီးစားစက်ရုံ ၂၉၇ ရုံ၊ အလတ်စားစက်ရုံ ၁၂၅၇ ရုံ နှင့် အငယ်စားစက်ရုံ ၁၄၅၃ ရုံ ဖြစ်ပါသည်။ မှတ်ပုံတင်ထားသော ဆီကြိတ်စက်ရုံအများစုမှာ အလတ်စားနှင့် အငယ်စားစက်ရုံများဖြစ်ကြပြီး အကြီးစားဆီကြိတ်စက်ရုံသည် ၁၀ % ခန့်သာရှိကြောင်း တွေ့ရပါသည်။ ထုတ်လုပ်မှုတွင် မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပဲပုပ်၊ ဝါစေ့နှင့် ဆီအုန်းဆီကြမ်းတို့ ပါဝင်သည်။ ပြည်တွင်းဆီစက်များမှ မြေပဲဆီကို အများဆုံး ကြိတ်ခွဲထုတ်လုပ်ပါသည်။ ဆီကြိတ်စက်များကို ဆီထွက်သီးနှံ စိုက်ဧကများသော မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံး တည်ထောင်ကြပါသည်။

### လက်ရှိထုတ်လုပ်နိုင်မှုနှင့် စွမ်းရည်အခြေအနေ

ဆီကြိတ်စက်ရုံများ၏ စက်စွမ်းအားအရ တစ်ရက်လျှင် ရှစ်နာရီ တစ်ဆိုင်း အလုပ်လုပ်ကိုင်ပါက ခန့်မှန်းတစ်နှစ်စားသုံးဆီတန်ချိန် ၂၅၁၀၁၁ တန် ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ တစ်ရက်လျှင် ရှစ်နာရီ နှစ်ဆိုင်းတိုး၍ အလုပ်လုပ်ကိုင်ပါက တစ်နှစ် စားသုံးဆီ တန်ချိန် ၄၆၉၈၇၃ တန်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး တစ်နေ့လျှင် ရှစ်နာရီ သုံးဆိုင်း အလုပ်လုပ်ကိုင်ပါက တစ်နှစ်စားသုံးဆီ တန်ချိန် ၆၈၈၇၃၆ တန် ထုတ်လုပ်နိုင်မည် ဖြစ်ပါသည်။ လက်ရှိတွင် လျှပ်စစ်မီးရရှိမှုအရ ဆီကြိတ်ခွဲထုတ်လုပ်နိုင်မှုမှာ တစ်နှစ် စားသုံးဆီတန်ချိန် ၂၂၀၃၇၂ တန်ဖြစ်ပါသည်။ စက်ရုံများ၏ လက်တွေ့ထုတ်လုပ်နိုင်မှုသည် လျှပ်စစ်မီးရရှိမှုအချိန် ကြာချိန် (Operating Hours) အပေါ် တိုက်ရိုက်မူတည်နေပါသည်။ လျှပ်စစ်မီး ၂၄ နာရီ ရရှိပါက ထုတ်လုပ်နိုင်စွမ်းသည် သိသိသာသာ မြင့်တက်လာနိုင်ပါသည်။ ဤအချက်သည် စွမ်းရည်ပြည့်ဝစွာ အသုံးချနိုင်ရန် စွမ်းအင်အခြေခံအဆောက်အအုံ၏ အရေးပါမှုကို တွေ့မြင်နိုင်ပါသည်။

### ထုတ်လုပ်နိုင်မှုနှင့် လိုအပ်ချက်ကြား ကွာဟမှု

သို့ရာတွင် ကုန်ကြမ်းပေါ်များမှုသည် ထုတ်လုပ်နိုင်မှုနှင့် အတူတူမဟုတ်ပါ။ လက်ရှိ လျှပ်စစ်မီးရရှိမှုအခြေအနေပေါ် မူတည်သော ကြိတ်ခွဲနိုင်မှုစွမ်းရည်သည် ရှိသမျှကုန်ကြမ်း၏ ၂၅ % ခန့်နှင့်

*စာမျက်နှာ ၉ သို့*

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ လဲ့လဲ့ဝေ ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါ်အေးသီတာမျိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်<br>စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်<br>စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဦးသက်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာ<br>ဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |

*စာမျက်နှာ ၈ မှ*

**❑ ပြည်တွင်းဆီကြိတ်စက်များအနေဖြင့် နှမ်း၊ မြေပဲ၊ နေကြာစသည့် ကုန်ကြမ်းများကို ပြည်တွင်းတွင်ပင် စိုက်ပျိုးထုတ်လုပ်နေသဖြင့် ကုန်ကြမ်းရရှိရန် လွယ်ကူပြီး ကုန်ကျစရိတ်သက်သာခြင်း၊ စားသုံးမှုများသဖြင့် ပြည်တွင်းဈေးကွက်ကြီးမားခြင်း၊ ဆီကြိတ်ခြင်းသည် ရိုးရာလုပ်ငန်းတစ်ခုဖြစ်ပြီး အတွေ့အကြုံရှိသော လုပ်သားအင်အားရှိခြင်းနှင့် ပြည်တွင်းထုတ်ကုန်ကြမ်းနှင့် လုပ်အားခစရိတ် သက်သာမှုတို့ကြောင့် ဈေးနှုန်းအားဖြင့် ယှဉ်ပြိုင်နိုင်ခြင်းစသည့် အားသာချက်များရှိ**

ပြည်တွင်းလိုအပ်ချက်၏ ၄၄ % ခန့်သာရှိသည်။ အကယ်၍ စက်ရုံများသည် ရှစ်နာရီ နှစ်ဆိုင်း (၁၆ နာရီ) အထိ အလုပ်လုပ်နိုင်ပါက ထုတ်လုပ်နိုင်မှုမှာ ရှိသမျှကုန်ကြမ်း၏ ၅၀ %၊ ပြည်တွင်းလိုအပ်ချက်၏ ၉၄ % အထိ မြင့်တက်လာနိုင်ပြီး၊ ရှစ်နာရီ သုံးဆိုင်း (၂၄ နာရီ) အထိ အလုပ်လုပ်နိုင်ပါက ထုတ်လုပ်နိုင်မှုမှာ ရှိသမျှကုန်ကြမ်း၏ ၇၈% ခန့်၊ ပြည်တွင်းလိုအပ်ချက်၏ ၁၃၇ % အထိ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းတွက်ချက်ရသည်။ ဤသည်မှာ ပြည်တွင်းဆီဖူလုံရေးအတွက် စွမ်းအင်ဖူလုံရေးနှင့် စက်ရုံများ၏ အချိန်ပိုလည်ပတ်နိုင်မှု စွမ်းရည်ကို မြှင့်တင်နိုင်ရန်လိုအပ်ကြောင်း ဖော်ပြနေပါသည်။

### ပိုလျှံမှုနှင့် ပြည်ပပို့ကုန်အလားအလာ

ပြည်တွင်းတွင် စားသုံးဆီထုတ်လုပ်မှု လုံလောက်မှုမရှိသေးသဖြင့် စားအုန်းဆီကို တင်သွင်းနေရဆဲဖြစ်ပါသည်။ လက်ရှိကြိတ်ခွဲနိုင်မှုထက် ပိုလျှံနေသော ဆီထွက်သီးနှံကုန်ကြမ်း အထူးသဖြင့် မြေပဲနှင့် နှမ်းကို ပြည်ပသို့တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ရရှိနိုင်ပါသည်။ ပြည်တွင်းကြိတ်ခွဲနိုင်မှုထက် ပိုလျှံသော မြေပဲဆန်နှင့် နှမ်းကို ပြည်ပသို့တင်ပို့ခြင်းဖြင့် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ ဝင်ငွေရရှိမည်ဟု ခန့်မှန်းရပါသည်။ ဤဝင်ငွေသည် ပြည်တွင်းတွင် မလုံလောက်သေးသော စားအုန်းဆီကို တင်သွင်းရန် လိုအပ်သည့် ကုန်ကျစရိတ်ထက် သိသိသာသာ ပိုမိုမြင့်မားနေပါသည်။ လက်ရှိထုတ်လုပ်နိုင်မှုနှင့် လိုအပ်ချက်ကို နှိုင်းယှဉ်ကြည့်ပါက စားအုန်းဆီတင်သွင်းရန် လိုအပ်နေသေးသော်လည်း ပိုလျှံသော မြေပဲနှင့် နှမ်းကုန်ကြမ်းများကို တင်ပို့ခြင်းဖြင့် ရရှိလာမည့်ဝင်ငွေက သွင်းကုန်ကုန်ကျစရိတ်ထက် ကျော်လွန်နေသဖြင့် နိုင်ငံအတွက် ပို့ကုန်ဝင်ငွေ တိုးမြှင့်ရရှိနိုင်စေမည်ဖြစ်ပါသည်။ ထိုသို့ကုန်ကြမ်းအဖြစ်သာ ပြည်ပတင်ပို့မည်ဆိုပါက နိုင်ငံ၏ စက်မှုလုပ်ငန်းတန်ဖိုးမြှင့်တင်နိုင်စွမ်း (Value Addition) ကို အားနည်းစေမည်ဖြစ်ပါသည်။

ပြည်တွင်းတွင် စားသုံးဆီလုံလောက်အောင် မထုတ်လုပ်နိုင်သေးခင် ကာလတိုအနေဖြင့် ပြည်တွင်းစားသုံးဆီလိုအပ်ချက် ဖူလုံရန်အတွက် စားအုန်းဆီကို ပြည်ပမှတင်သွင်းနေရမည်ဖြစ်ပြီး ပြည်တွင်းထုတ်မြေပဲဆီနှင့်ရောနှောကာ ရောနှောဆီအဖြစ် ထုတ်လုပ်ပါက ဈေးနှုန်းအသင့်အတင့်ဖြင့် ကျန်းမာရေးအတွက် ထိခိုက်မှုနည်းစေမည်ဖြစ်ပါသည်။ ကာလလတ်နှင့် ကာလရှည်တို့တွင် ပြည်တွင်းရှိ ကုန်ကြမ်းများဖြင့် စားသုံးဆီကို ဖူလုံအောင် ထုတ်လုပ်နိုင်ရန်နှင့် ပြည်ပသို့တင်ပို့နိုင်ရန် ဆောင်ရွက်ပြီး နိုင်ငံ၏စက်မှုလုပ်ငန်းတန်ဖိုး မြှင့်တင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

### မြန်မာနိုင်ငံ၏ ဆီကြိတ်စက်များအပေါ် သုံးသပ်ချက်

မြန်မာနိုင်ငံတွင် ဆီကြိတ်စက်များကို အများအားဖြင့် အသေးစား၊ အလတ်စား ဆီကြိတ်စက်များအဖြစ်တွေ့ရှိရပြီး အနည်းငယ်သာ အကြီးစားစက်ရုံများ (၁၀ %)အဖြစ် တွေ့ရှိရပါသည်။ ဆီကြိတ်စက်လုပ်ငန်းသည် ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ကို အဓိကဖြည့်ဆည်းပေးပြီး ပြည်ပတင်ပို့မှုအတွက်လည်း အလားအလာရှိသော်လည်း အရည်အသွေးနှင့်ပတ်သက်၍ အားနည်းချက်များ ရှိနေပါသည်။

ပြည်တွင်းဆီကြိတ်စက်များအနေဖြင့် နှမ်း၊ မြေပဲ၊ နေကြာစသည့် ကုန်ကြမ်းများကို ပြည်တွင်းတွင်ပင် စိုက်ပျိုးထုတ်လုပ်နေသဖြင့် ကုန်ကြမ်းရရှိရန်လွယ်ကူပြီး ကုန်ကျစရိတ်သက်သာခြင်း၊ စားသုံးမှုများသဖြင့် ပြည်တွင်းဈေးကွက် ကြီးမားခြင်း၊ ဆီကြိတ်ခြင်းသည် ရိုးရာလုပ်ငန်းတစ်ခုဖြစ်ပြီး အတွေ့အကြုံရှိသော လုပ်သားအင်အားရှိခြင်းနှင့် ပြည်တွင်းထုတ်ကုန်ကြမ်းနှင့် လုပ်အားခစရိတ် သက်သာမှုတို့ကြောင့် ဈေးနှုန်းအားဖြင့် ယှဉ်ပြိုင်နိုင်ခြင်းစသည့် အားသာချက်များရှိပါသည်။

သို့သော် ဆီကြိတ်စက်အများစုမှာ ရိုးရာနည်းလမ်းများကိုသာ အသုံးပြုနေကြပြီး ခေတ်မီသော Solvent Extraction နည်းပညာသုံး စက်ရုံကြီးများ ရှားပါးပါသည်။ ထို့ကြောင့် ဆီထွက်နှုန်းနိမ့်ကျပြီး စက်ရုံကြီးများနှင့် ယှဉ်ပြိုင်နိုင်မှု နည်းပါသည်။ စက်ရုံငယ်များတွင် ထုတ်လုပ်မှုစံချိန်စံညွှန်း မရှိသလောက်ဖြစ်ပြီး ဆီ၏ အရောင်၊ အနံ့၊ အရသာ၊ အနည်အနှစ် စသည်တို့ ကွဲပြားမှုရှိနေတတ်ပါသည်။ ခေတ်နောက်ကျသော ကြိတ်ခွဲနည်းများကြောင့် ဆီကြိတ်ဖတ်တွင် ဆီဓာတ်အကြွင်းအကျန် များစွာ ပါဝင်နေတတ်ပြီး အရည်အသွေးနိမ့်သော တိရစ္ဆာန်အစာအဖြစ် ဈေးကွက်တွင် တန်ဖိုးလျော့နည်းစေပါသည်။

ပြည်တွင်းတွင်သာမက ပြည်ပဈေးကွက်သို့ပါ ဝင်ရောက်နိုင်ရန်အတွက် ဆီကြိတ်စက်လုပ်ငန်းများအား နည်းပညာအဆင့်မြှင့်တင်ခြင်း၊ စံချိန်စံညွှန်းများ သတ်မှတ်ခြင်းနှင့် အရည်အသွေးအား အစဉ်အမြဲ စောင့်ကြည့်ထိန်းသိမ်းခြင်းတို့သည် မဖြစ်မနေလိုအပ်သော အချက်များဖြစ်ပါသည်။ ဤသို့ပြုလုပ်နိုင်ပါက ပြည်တွင်းစားသုံးသူများအတွက် ပိုမိုကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီများ ထုတ်လုပ်ပေးနိုင်ရုံသာမက ဆီနှင့် ဆီကြိတ်ဖတ်၏ ဈေးကွက်တန်ဖိုးမြင့်တက်ကာ နိုင်ငံခြားဝင်ငွေလည်း ပိုမိုရရှိနိုင်မည်ဖြစ်ပါသည်။

### စားသုံးဆီကဏ္ဍစိန်ခေါ်မှုများ

မြန်မာနိုင်ငံ၏ စားသုံးဆီကဏ္ဍသည် အခွင့်အလမ်းများနှင့်အတူ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နေရသည် -

(က) **စွမ်းအင်အခက်အခဲ။** လျှပ်စစ်မီး မလုံလောက်မှုသည် ထုတ်လုပ်မှုစွမ်းရည်ကို အကြီးမားဆုံး ဟန့်တားနေသော အချက်ဖြစ်ပါသည်။

(ခ) **တန်ဖိုးမြှင့်တင်နိုင်မှု အားနည်းခြင်း။** ကုန်ကြမ်းအဖြစ် တင်ပို့ရောင်းချရခြင်းထက် ပြည်တွင်းတွင် ကြိတ်ခွဲပြီး ပြည်ပသို့ ဆီအဖြစ် (သို့) ပြုပြင်ထုပ်ပိုးပြီး တင်ပို့နိုင်ရန် လိုအပ်ပါသည်။

(ဂ) **စက်ပစ္စည်းများ ခေတ်မီတိုးတက်ရန် လိုအပ်ခြင်း။** အငယ်စားနှင့် အလတ်စား စက်ရုံများစွာတွင် ခေတ်မီသော နည်းပညာနှင့် စက်ကိရိယာများ လိုအပ်နေဆဲဖြစ်သည်။

(ဃ) **ဈေးကွက်ဆိုင်ရာ စိန်ခေါ်မှုများ။** ကမ္ဘာ့ဈေးကွက်ပြောင်းလဲမှုများ၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီရန် လိုအပ်ချက်များကို ဖြည့်ဆည်းရန် လိုအပ်ပါသည်။

### ဆောင်ရွက်ရန်အချက်များ

ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်သော စားသုံးဆီကဏ္ဍတစ်ရပ် ဖြစ်ပေါ်လာစေရန် အောက်ပါအချက်များကို ဆောင်ရွက်သင့်ပါသည်-

(က) **စွမ်းအင်ဖူလုံရေး ဖြေရှင်းခြင်း။** ဆီစက်ရုံများအတွက် လျှပ်စစ်မီးဖူလုံရေး (သို့) ဒီဇယ်အင်ဂျင်ကဲ့သို့သော အခြားစွမ်းအင်အရင်းအမြစ်များအား ထောက်ပံ့ပေးရန်။

(ခ) **စက်ရုံများ၏ စွမ်းရည်မြှင့်တင်ခြင်း။** စက်ရုံများအား ရှစ်နာရီမှ ၁၆ နာရီ (သို့) ၂၄ နာရီ အထိ လည်ပတ်နိုင်ရန် ကူညီအားပေးခြင်းဖြင့် ထုတ်လုပ်မှုစွမ်းရည်ကို သိသိသာသာ မြှင့်တင်နိုင်ပါသည်။

(ဂ) **တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း။** ကုန်ကြမ်းများကို ပြည်တွင်းတွင် ကြိတ်ခွဲပြီး ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေကို ပိုမိုရရှိစေနိုင်သည်။ ရောနှောဆီများ ထုတ်လုပ်ခြင်းဖြင့် စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ပါသည်။

(ဃ) **ငွေကြေးထောက်ပံ့မှု။** စက်ရုံများအတွက် ချေးငွေအခွင့်အလမ်းများ ဖန်တီးပေးခြင်းများ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(င) **နည်းပညာနှင့် စက်ပစ္စည်း အဆင့်မြှင့်တင်ခြင်း။** ခေတ်မီကြိတ်ခွဲနည်းပညာများ မိတ်ဆက်ပေးခြင်း၊ ဆီထွက်နှုန်းမြင့်မားပြီး အရည်အသွေးကောင်းမွန်သော ခေတ်မီကြိတ်ခွဲစက်များသို့ အဆင့်မြှင့်တင်ခြင်း၊ ဆီသန့်စင်ခြင်း လုပ်ငန်းစဉ်အတွက် စက်ကိရိယာများ (ဥပမာ- အနည်ထိုင်စက်၊ အနံ့ပျောက်စက်၊ ရောင်ခြယ်စက်) တပ်ဆင်အသုံးပြုခြင်း၊

(စ) **အရည်အသွေးထိန်းချုပ်မှုစနစ် တည်ဆောက်ခြင်း။** စက်ရုံတိုင်းတွင် အခြေခံအရည်အသွေးစစ်ဆေးသည့် ကိရိယာများ (Moisture Meter, Oil Content Tester, FFA Testing Kit) ထားရှိခြင်း၊ ကနဦးကုန်ကြမ်း (နှမ်း၊ မြေပဲ)၏ အရည်အသွေး၊ စိုထိုင်းဆစစ်ဆေးခြင်းမှစတင်၍ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် နောက်ဆုံးထုတ်ကုန်အထိ စနစ်တကျစစ်ဆေးမှုပြုလုပ်ခြင်း၊

(ဆ) **ကောင်းမွန်သော ထုတ်လုပ်မှုဆိုင်ရာ အလေ့အထများ (Good Manufacturing Practices – GMP) ကျင့်သုံးခြင်း။** စက်ရုံသန့်ရှင်းရေး၊ လုပ်သားကျန်းမာရေး၊ ကုန်ကြမ်းသိုလှောင်မှု စသည့် စံချိန်များ သတ်မှတ်ကျင့်သုံးရန်၊ ဆီမှိုတက်ခြင်းကဲ့သို့သော ကျန်းမာရေးအန္တရာယ်ကို လျှော့ချနိုင်ရန် ကုန်ကြမ်းများကို စနစ်တကျ ခြောက်သွေ့အောင် ပြုလုပ်ခြင်းနှင့် သိုလှောင်ခြင်း၊

(ဇ) **ဈေးကွက်ချဲ့ထွင်ခြင်း။** ထုတ်လုပ်လာနိုင်သော ပိုလျှံဆီများအတွက် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်ရေး ဆောင်ရွက်ရန်လိုအပ်ပါသည်။ ဆီကြိတ်ခွဲ တင်ပို့သူများအနေဖြင့် နိုင်ငံတကာ စံချိန်စံညွှန်း အသိအမှတ်ပြု လက်မှတ်များရရှိအောင် ဆောင်ရွက်၍ အရည်အသွေးအာမခံချက် ရှိစေရန်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

### နိုင်ငံ၏ စီးပွားရေးအတွက် အရေးပါသော မောင်းနှင်အား

မြန်မာနိုင်ငံသည် စားသုံးဆီဖူလုံရေးအတွက် လိုအပ်သော ကုန်ကြမ်းနှင့် ထုတ်လုပ်မှုစွမ်းရည် နှစ်ခုစလုံးရှိနေသော်လည်း ယင်းစွမ်းရည်များကို အပြည့်အဝအသုံးချနိုင်ရန် စွမ်းအင်အခြေခံအဆောက်အအုံနှင့် စက်မှုနည်းပညာဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန် လိုအပ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍနှင့် အစိုးရတို့ပူးပေါင်းဆောင်ရွက်ပါက ပြည်တွင်းစားသုံးဆီဖူလုံရေးကိုသာမက ပို့ကုန်တင်ပို့မှုမှတစ်ဆင့် နိုင်ငံခြားဝင်ငွေတိုးတက်ရေးကိုပါ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းရပါသည်။ မြန်မာနိုင်ငံ၏ စားသုံးဆီကဏ္ဍသည် လက်ရှိတွင် ပြည်ပတင်သွင်းဆီအပေါ် မှီတည်နေသော်လည်း စားသုံးမှုပုံစံပြောင်းလဲလာခြင်းနှင့် နည်းပညာတိုးတက်မှုအလားအလာများ တိုးလာပါက တည်တံ့တည်မြဲသော ဈေးကွက်တစ်ခုအဖြစ် ပြောင်းလဲနိုင်စွမ်းရှိပါသည်။

ထို့ကြောင့် အနာဂတ်အလားအလာအတွက် အဓိကအချက်မှာ နိုင်ငံတွင်းထုတ်လုပ်မှုစွမ်းရည် တိုးချဲ့မှုနှင့် ကျန်းမာရေးအလေးပေးသော စားသုံးဆီဈေးကွက်ဖွံ့ဖြိုးမှုဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စားသုံးဆီကဏ္ဍသည် အနာဂတ်တွင် နိုင်ငံ၏စီးပွားရေးအတွက် အရေးပါသော မောင်းနှင်အားတစ်ရပ် ဖြစ်လာစေရန် အလားအလာ အပြည့်အဝရှိနေပါသည်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၁၂**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



ဟိုပုံးတပ်နယ်နှင့် ဗထူးတပ်နယ်တို့ရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄)သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၄) သင်တန်းသားများအတွက် ချီးမြှင့်ငွေပေးအပ်စဉ်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၄)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။



ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁)တပ်မတော် တန်းမြင့်လေ့ကျင့်ရေးသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပစဉ်။







ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအားဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၄) မှသင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်အတွင်းရှိ နယ်မြေခံသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပစဉ်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၄) မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့် သင်ကြားပေးခဲ့ကြကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ် စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (TeamWork) ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ် (esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည် ဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၂** တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက အသုံးအဆောင်ပစ္စည်းများ ပေးအပ်ပြီး **(ယာပုံ)** ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲအခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင် သင်တန်းသားများအား အမှာစကား ပြောကြားစဉ်။

*စာမျက်နှာ ၁၀ မှ*

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှ ရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည် -

၁။ အရပ်သားဘဝမှာတုန်းကတော့ ပေါ့ပေါ့နေ ပေါ့ပေါ့စားဆိုတဲ့ ပုံစံမျိုးပဲရှိခဲ့ပြီး တပ်မတော်သား ဘဝကို ရောက်လာတဲ့ အချိန်မှာ မနက်အိပ်ရာထတာကအစ ညဘက် အိပ်ရာပြန်ဝင်သွားတဲ့ အချိန်အထိ အကုန်လုံးက အချိန်ဇယားအတိုင်း၊ စည်းကမ်းအတိုင်းပဲ သွားနေတော့ ကိုယ့်ကိုယ်ကိုယ် စည်းကမ်း တော်တော်ကောင်းမွန်လာတယ်လို့ ခံစားမိပါတယ်။ တပ်မတော်ဆိုတာက တကယ် စည်းကမ်းသေသေ သပ်သပ်ရှိပြီးတော့ အကုန်လုံးကို စည်းကမ်းရှိရှိနဲ့ နေထိုင်သွားတတ်ဖို့၊ ဘဝမှာ ဘယ်လို အေးအေးဆေးဆေးနဲ့ ဘယ်လိုဖြတ်သန်းပြီး နေရမလဲဆိုတဲ့ပညာတွေ အကုန်သင်ပေးတဲ့နေရာကြီးတစ်ခုဆိုတာ ပြောချင်ပါတယ်။ တပ်မတော်လို့ ဒီပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄)ကို တက်ရောက်ခြင်းဖြစ်ပါတယ်။ ဒီဥပဒေကို ပြဋ္ဌာန်းလိုက်တဲ့အတွက် နိုင်ငံတော်ကို ကာကွယ်ရမယ့် အသိစိတ်ဓာတ်တွေကို သိရှိနားလည်



ရှမ်းပြည်နယ်(တောင်ပိုင်း) အမှတ်(၃)တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်း၌ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၁၄)မှ သင်တန်းဆင်းစစ်သည်များအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံစဉ်။

အပေါ်မှာသစ္စာရှိရှိနဲ့ တာဝန်ထမ်းဆောင်သွားမှာပါ။ ကျွန်တော့်အနေနဲ့ နောင်ဝင်လာမယ့် ညီအစ်ကိုတွေကို ကြိုဆိုလျက်ပါ။ ဒီမှာက စည်းကမ်းကောင်းမွန်အောင်လို့ သေသေချာချာလေ့ကျင့်ပေးတယ်။ အတတ်ပညာတွေကို အကုန် အစုံအလင် သင်ကြားပေးတယ်ဆိုတာကိုလည်း ပြောချင်ပါတယ်။

၂။ ဒီသင်တန်းကို ကျွန်တော်တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်မှာ ကျရောက်နေတဲ့ အဖျက်အမှောင့်ရန်တွေကို တစ်ဖက်တစ်လမ်းကနေ ကာကွယ်ဖို့ရယ်၊ နိုင်ငံသား တစ်ယောက်အနေနဲ့ ဂုဏ်ယူချင်လာတယ်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေကို ဖြစ်ပေါ်လာတယ်။ နိုင်ငံတော်ကာကွယ်ရေး အင်အားလည်း တိုးပွားလာစေတယ် စတဲ့ အကျိုးကျေးဇူးတွေ ရရှိမှာဖြစ်ပါတယ်။ သင်တန်းမှာ တွေ့ကြုံခဲ့ရတာတွေကတော့ အစပိုင်းမှာ တော်တော်ကို ပင်ပန်းခဲ့ပါတယ်။ ဒါပေမယ့် နည်းပြဆရာတွေရဲ့ သွန်သင်ဆုံးမမှု၊ အားပေး စောင့်ရှောက်မှုတွေကြောင့် တဖြည်းဖြည်းလေ့ကျင့်သား ပြည့်ဝလာပြီး သင်တန်းကို အခက်အခဲတွေ ကြားထဲကနေ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ သင်တန်းဆင်းသွားပြီဆိုတော့ တာဝန်ကျရာ တပ်ရင်းတပ်ဖွဲ့တွေမှာ သင်တန်းကျောင်းက သင်ကြားပေးလိုက်တဲ့ ပညာရပ်တွေကို လက်တွေ့အသုံးချပြီး ပေးအပ်လာမယ့် တာဝန်တွေကို အမြဲတမ်း စစ်သည်နောင်တော်များနဲ့အတူ ကျေပွန်စွာ ထမ်းဆောင်မယ်လို့ ခံယူထားပါတယ်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေကို ကာကွယ်စောင့်ရှောက်ဖို့အတွက် နိုင်ငံ့သားကောင်း တစ်ယောက်အနေနဲ့ ဒီပြည်သူ့စစ်မှုထမ်းသင်တန်းကို မဖြစ်မနေ တက်ရောက်ပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒီအတွေ့အကြုံကို အခြေခံပြီးတော့ ကိုယ့်ကိုသင်ပေးထားတဲ့ ပညာရပ်တွေနဲ့ တတ်စွမ်းသလောက် ကာကွယ်စောင့်ရှောက်သွားမှာပါ။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၄)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၄) သင်တန်းဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။



မိမိသဘောဆန္ဒအလျောက် သင်တန်းတက်ရောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄)သင်တန်းဆင်းပွဲတွင် ကျောင်းအုပ်ကြီးက သင်တန်းဆင်း အမှာစကားပြောကြားစဉ်။

# (၁၉)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၂**

(၁၉) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ [19th ASEAN Ministerial Meeting on Transnational Crime (AMMTC) and its Related Meetings] ကို မလေးရှားနိုင်ငံ မလက္ကာမြို့၌ စက်တင်ဘာ ၈ ရက်မှ ၁၂ ရက်အထိကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးသည်။

စက်တင်ဘာ ၉ ရက် ညနေ ၄ နာရီခွဲက (၁၉) ကြိမ်မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲကို မလေးရှားနိုင်ငံ မလက္ကာမြို့ရှိ Double Tree by Hilton ဟိုတယ်၌ ကျင်းပခဲ့ရာ အာဆီယံအတွင်းရေးမှူးချုပ် Dr. Kao Kim Hourn၊ အိမ်ရှင်မလေးရှားနိုင်ငံ၏ AMMTC ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး Mr. Datuk Seri Saifuddin Nasution bin Ismail နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် Mr. Anwar bin Ibrahim တို့က အမှာစကားပြောကြားကြပြီး မလေးရှားနိုင်ငံ၏ ရိုးရာယဉ်ကျေးမှု အကဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

ထို့နောက် (၁၉)ကြိမ်မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများအတွက် ကြိုတင်ညှိနှိုင်း အစည်းအဝေးများကို ဆက်လက်ကျင်းပခဲ့သည်။

စက်တင်ဘာ ၁၀ ရက်က (၁၉) ကြိမ်မြောက် AMMTC အစည်းအဝေးကို လည်းကောင်း၊ စက်တင်ဘာ ၁၁ ရက်တွင် အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများ ဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယား ၃ နိုင်ငံ တို့နှင့် (၁၅)ကြိမ်မြောက် AMMTC + 3 အစည်းအဝေး၊ (၁၂)ကြိမ်မြောက် AMMTC + China အစည်းအဝေး၊ (၁၀)ကြိမ်မြောက် AMMTC + Japan အစည်းအဝေး၊ (၆) ကြိမ်မြောက် AMMTC + ROK အစည်းအဝေးတို့ကို လည်းကောင်း DoubleTree by Hilton ဟိုတယ်ရှိ Grand Ballroom ၌ ကျင်းပခဲ့သည်။

(၁၉) ကြိမ်မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများတွင် နိုင်ငံတကာအဆင့်၊ ဒေသအဆင့်နှင့် အမျိုးသားအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး နိုင်ငံဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံလုပ်ငန်း အစီအစဉ် (၂၀၂၆-၂၀၃၅)၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ တည်ထောင်ရေး သဘောတရားစာတမ်း၊ အာဆီယံ နယ်စပ်ဒေသစီမံခန့်ခွဲရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာမလက္ကာကြေညာချက်၊ အရှေ့တောင်အာရှဒေသအတွင်း လူမှောင်ခိုမှု တိုက်ဖျက်ရေးဆိုင်ရာအာဆီယံကြေညာချက်၊ ဆိုက်ဘာမှုခင်းနှင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကြေညာချက်နှင့် ပူးတွဲထုတ်ပြန်ချက်များကို အတည်ပြုခဲ့ကြသည်။

ထို့အတူ ၂၀၂၅ ခုနှစ် အောက်တိုဘာတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် (၄၇) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်မည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံခေါင်းဆောင်များကြေညာချက်၊ ပြစ်မှုဆိုင်ရာ တရားခံပြေးများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးရာတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ အာဆီယံ ခေါင်းဆောင်များကြေညာချက်နှင့် အစွန်းရောက်အကြမ်းဖက်မှု ကြိုတင်တားဆီးကာကွယ်ရေးအတွက် အားကစားပွဲများ ပြုလုပ်ပေးရေးဆိုင်ရာ အာဆီယံ ခေါင်းဆောင်များ ကြေညာချက်တို့ကို အတည်ပြုခဲ့ကြပြီး အကြိမ် (၂၀)မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၆ ခုနှစ် ဇူလိုင်တွင် ဖိလစ်ပိုင်နိုင်ငံ ဆီဘူးမြို့၌ လက်ခံကျင်းပရန် ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် (၁၉) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယနေ့တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# သတင်းပြန်ကြားရေး၊ မှတ်တမ်းဆိုင်ရာနှင့် ပြခန်းခင်းကျင်းပြသရေး လုပ်ငန်းကော်မတီညှိနှိုင်းစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၁၂**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ရန်အတွက် သတင်းပြန်ကြားရေး၊ မှတ်တမ်းဆိုင်ရာနှင့် ပြခန်းခင်းကျင်းပြသရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်း၌ ကျင်းပသည်။



အစည်းအဝေးသို့ သတင်းပြန်ကြားရေး၊ မှတ်တမ်းဆိုင်ရာနှင့် ပြခန်းခင်းကျင်းပြသရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက လာမည့်လထဲတွင် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်တွင် အနှစ်သာရရှိရှိ ခမ်းခမ်းနားနား ကျင်းပသွားမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် ဖွင့်ပွဲအခမ်းအနားနှင့် ဆွေးနွေးပွဲများ ကျင်းပနေစဉ်အတွင်း တက်ရောက်လာသူများ ကြိုတင် လေ့လာနိုင်ရန်အတွက် ငြိမ်းချမ်းရေး ဖော်ဆောင်မှု မှတ်တမ်းများ၊ တိုင်းရင်းသား ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက် ပေးနေမှုများနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ၊ စာအုပ်စာစောင်များ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း။

သတင်းထုတ်ပြန်ရေး၊ မီဒီယာများဖိတ်ကြားရေးနှင့် မှတ်တမ်းစာအုပ် ထုတ်ဝေရေးတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ယခင်က ဆောင်ရွက်နေကျဖြစ်သော်လည်း လစ်ဟာအားနည်းမှုမရှိအောင် ဘက်ပေါင်းစုံမှပြည့်စုံအောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များ ဝိုင်းဝန်းအကြံပြုဆွေးနွေးပြီး အခမ်းအနား အောင်မြင်ပြီးမြောက်အောင် ပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ခင်းကျင်းပြသသွားမည့် အစီအစဉ်များ၊ ပြည်တွင်း ပြည်ပသတင်းမီဒီယာ ဖိတ်ကြားရေးနှင့် သတင်းများရယူ ရိုက်ကူးရေး၊ ပါဝင်ဆွေးနွေးကြမည့် ပြည်တွင်းပြည်ပ ပညာရှင်များအား ဖိတ်ကြားရေး၊ မှတ်တမ်းစာအုပ်များ ထုတ်ဝေရေးနှင့် သတင်းများ ရယူထုတ်ပြန်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီး၌ တောင်ငူခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စုပေါင်းသွေးလှူဒါန်းရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ဇော်ဝင်းနှင့် ဆေးရုံအုပ်ကြီးဒေါက်တာဝင်းဝင်းခိုင်တို့ ကြည့်ရှုအားပေးစဉ်။ ခရိုင်(ပြန်/ဆက်)

❊ *ကျောဖုံးမှ*

ဩစတြေးလျကလပ် မဲလ်ဘုန်းစီးတီးအသင်း၊ ဗီယက်နမ်ကလပ် ဟိုချီမင်းစီးတီးအသင်း၊ ဖိလစ်ပိုင်ကလပ် လာဂူနာအသင်း၊ စင်ကာပူကလပ် Lion City အသင်း၊ အုပ်စု (B) တွင် တရုတ်ကလပ် ဝူဟန်ကျန်ဒါအသင်း၊ အီရန်ကလပ် ဘမ်ခါတွန်အသင်း၊ အိန္ဒိယကလပ် အရှေ့ဘင်ဂေါအသင်း၊ ဥဇဘက်ကစ္စတန်ကလပ် နာဆာဖ်အသင်း၊ အုပ်စု (C) တွင် တောင်ကိုရီးယားကလပ် ဆူဝမ်အသင်း၊ ဂျပန်ကလပ် တိုကျိုဗာဒီအသင်း၊ မြောက်ကိုရီးယားကလပ် နာဂိုယန်အသင်း၊ မြန်မာကလပ် အား/ကာသိပ္ပံအသင်းတို့ ပါဝင်နေသည်။

အုပ်စုတစ်ခုလျှင် အိမ်ရှင်တစ်နိုင်ငံ ရွေးချယ်ကျင်းပမည်ဖြစ်ပြီး အုပ်စု (A) ပွဲစဉ်များကို ဗီယက်နမ်၊ အုပ်စု (B) ပွဲစဉ်များကို တရုတ်နှင့် အုပ်စု (C) ပွဲစဉ်များကို မြန်မာနိုင်ငံတို့တွင် ကျင်းပမည်ဖြစ်သည်။ နောက်ဆုံးအဆင့် အုပ်စုပွဲစဉ်များကို လေးသင်း သုံးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးနှစ်သင်း စုစုပေါင်း ရှစ်သင်း ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အုပ်စုပွဲများကို နိုဝင်ဘာလအတွင်း ကျင်းပမည်ဖြစ်ပြီး အား/ကာသိပ္ပံအသင်းပါဝင်သော အုပ်စု (C) ပွဲစဉ်များကို နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာကလပ် အား/ကာသိပ္ပံအသင်းသည် ခြေစစ်ပွဲအဆင့်မှ စတင်ကစားခဲ့ရပြီး ဖိလစ်ပိုင်၊ ဂူအမ်နှင့် မွန်ဂိုလီးယားကလပ်အသင်းတို့ကို ကျော်ဖြတ်ကာ အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ **သော်လေး၊ဓာတ်ပုံ-သော်ကြီး**

❖ *ကျောဖုံးမှ*

ဒုတိယနေရာမှ ရန်ကုန်ယူနိုက်တက်နှင့် တတိယနေရာမှ ရှောဝတီအသင်း ထိပ်တိုက်တွေ့ဆုံမှုတွင်လည်း သရေကျခဲ့၍ သုံးမှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ သစ္စာအားမာန် အသင်းအတွက် အနိုင်ဂိုးများကို ၄၅+၂ မိနစ်နှင့် ၆၅ မိနစ်တွင် မြတ်နိုးခင်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၆) အပြီးတွင် သစ္စာအားမာန်အသင်းက ခြောက်ပွဲကစား ၁၆ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ခြောက်ပွဲကစား ၁၃ မှတ်၊ ရှောဝတီအသင်းက ငါးပွဲကစား ၁၁ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ခြောက်ပွဲကစား ၁၀ မှတ်၊ အား/ကာသိပ္ပံအသင်းက ငါးပွဲကစား ၁၀ မှတ်၊ Young Lionesses အသင်းက ငါးပွဲကစား ခြောက်မှတ်၊ YREO အသင်းက ငါးပွဲကစားသုံးမှတ်ရထားပြီး မြဝတီနှင့်ရန်ကုန်စီးတီးအသင်းတို့မှာ ငါးပွဲကစား အမှတ်မရသေးပေ။ **ညီမြတ်သော်တာ၊ဓာတ်ပုံ-MWL**

# စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ်(မုံရွာ)၌ အင်္ဂမအကြိမ် တီထွင်ဖန်တီးမှုပြပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ် (မုံရွာ) ၌ အင်္ဂမအကြိမ် တီထွင်ဖန်တီးမှုပြပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုပရောဂျက်ပြပွဲသည် ကျောင်းသား ကျောင်းသူများ၏ သင်ယူမှုနှင့် တီထွင်ဖန်တီးမှုစွမ်းရည်အား ထင်ဟပ်စေရုံသာမက မိမိတို့တိုင်းဒေသကြီး၏ နည်းပညာဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများကို ဖော်ပြပေးနိုင်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မှု၊ ဆန်းသစ်တီထွင်မှု စွမ်းရည်များကို အားပေးသည့် ပညာရပ်များ၊ လက်တွေ့သင်ခန်းစာများ၊ သင်ကြားနည်းစနစ်များအား အသုံးပြုပြီး လူမှုပတ်ဝန်းကျင်ကို အထောက်အကူပြုမည့် သုတေသနများနှင့် နည်းပညာအသုံးချတီထွင်ဖန်တီးမှု စွမ်းအားများ မြင့်မားလာအောင် လေ့ကျင့်သင်ကြားပေးသွားကြရန် လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် နည်းပညာများကို အသုံးချပြီး လူ့အဖွဲ့အစည်းကို အထောက်အကူပြုမည့် တီထွင်ဖန်တီးမှုများစွာ လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ် (မုံရွာ) ပါမောက္ခချုပ်က အင်္ဂမအကြိမ် တီထွင်ဖန်တီးမှုပြပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကွန်ပျူတာတက္ကသိုလ် (မုံရွာ)မှ ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးက ကပြဖျော်ဖြေကြသော ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကို ပါမောက္ခချုပ်ထံ ပေးအပ်သည်။


ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသော ကွန်ပျူတာတက္ကသိုလ်(မုံရွာ)မှ ကျောင်းသား ကျောင်းသူများ စုပေါင်းတီထွင်ဖန်တီးထားသည့် ပရောဂျက်ပြခန်း ၅၁ ခန်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

---

❂*ကျောဖုံးမှ*

AA သောင်းကျန်းသူအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများကိုပြုလုပ်ကာ ရရှိသည့်ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းများဝယ်ယူ၍ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အနိုင်ကျင့်နှိပ်စက်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။ သို့ဖြစ်၍ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၅)ရပ်ကွက်၊ အမှတ်(၄)လမ်းမကြီးရှိ အမှတ်၊ ၇(က)/၂ ဂိုဒေါင်အား ဝင်ရောက်ရှာဖွေခဲ့ရာ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နေ AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေး ဒုတိယတာဝန်ခံအဆင့်ရှိ မူးယစ်ဆေးဝါး တရားခံ ထွန်းထွန်းနိုင်နှင့် AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေးအဖွဲ့ဝင် အေးသန်းထွန်းတို့အပါအဝင် မူးယစ်ဆေးဝါးတရားခံများဖြစ်သည့် အားလျှံ(ခ)ဝမ်ရှင်းလျှံ၊ ထွန်းထွန်းနိုင်(ခ)အယ်လ်တီ၊ အေးမြင့်နှင့် လင်းမင်းထက်တို့ ခြောက်ဦးအား ICE ၁၈၄၀ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀၊ ဘိန်းဖြူအမှုန့် ၁၄ ကီလိုဂရမ်၊ Mitsubishi Canter (အဖြူရောင်) ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

### ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နှင့် ၇ ရက်တို့တွင် ရွှေပြည်သာမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်တို့၌ မလေးရှားနိုင်ငံနှင့် ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှုဖြစ်စဉ်မှ ကွင်းဆက်တရားခံ အခြေပြဇယား



**ဖြစ်စဉ်တွင် တရားခံ ကျား ၁၆ ဦး၊ မော်တော်ယာဉ် ၅ စီး၊ ICE ၄၄၄၀ ကီလိုဂရမ်၊ ကတ်တမင်း ၁၁၀၀ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀၊ ဘိန်းဖြူ ၁၄ ကီလိုဂရမ်(ကာလတန်ဖိုးငွေကျပ် ၁၇၀ ဒသမ ၄၉ ဘီလီယံခန့်)အား ဖမ်းဆီးရမိခဲ့။**

ဖမ်းဆီးရမိတရားခံ ထွန်းထွန်းနိုင်၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၅ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ်(၂၂) ရပ်ကွက်၊ မြို့ပတ်လမ်းရှိ ခြံဝင်းအတွင်း၌ တရားခံ ဇော်ဦး(ခ)ရာဂျူးနှင့် ရဲလင်းအောင်(ခ)ဂျိုးဇက်တို့အား ICE ၁၅၀၀ ကီလိုဂရမ်၊ Mark II (ခဲရောင်)ယာဉ်တစ်စီး၊ I-Zone Express (ခဲရောင်)ယာဉ်တစ်စီးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)လမ်းမကြီးပေါ်ရှိ Denko ဆီဆိုင်အနီးတွင် တရားခံ အောင်ခိုင်မိုး နှင့် ရဲကိုခိုင်တို့ နှစ်ဦးအား Toyoace (အပြာရောင်) ယာဉ်ပေါ်တွင် တင်ဆောင်ထားသည့် ICE ၁၁၀၀ ကီလိုဂရမ်၊ ကတ်တမင်း ၁၁၀၀ ကီလိုဂရမ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ရှေ့ပြေးအဖြစ်လိုက်ပါလာသည့် AA သောင်းကျန်းသူအဖွဲ့ ထောက်ပံ့ရေးအဖွဲ့ဝင် ဝင်းနိုင်ဆန်း၊ ရေကြောင်းမှသယ်ဆောင်နိုင်ရန် စက်လှေရှာဖွေပေးမည့်သူ တရားခံ ဇော်မျိုး၊ မောင်မောင်စိုးတို့အား Toyota Probox(အဖြူရောင်) ယာဉ်တစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းနိုင်ဆန်း၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၇ ရက် ညနေပိုင်းတွင် မူးယစ်ဆေးဝါးများကို မလေးရှားနိုင်ငံသို့ ပို့ဆောင်ရာတွင် စက်လှေရှာဖွေပေးသူ မျိုးမင်းထိုက်(ခ)နိုအာလမ်အား ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ်(၁၀)မြောက်ရပ်ကွက်တွင်လည်းကောင်း၊ မူးယစ်ဆေးဝါးတင်ဆောင်မည့် စက်လှေများအား စောင့်ကြည့်ပေးသည့် စိုးမင်းအောင်နှင့် မင်းတင်ထက်တို့အား ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်လမ်းရှိ CENTRAL ဟိုတယ်၊ အခန်းအမှတ်(၄၁၀)တွင် လည်းကောင်း အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့သည်။

သို့ဖြစ်၍ ဖြစ်စဉ်တွင် မူးယစ်ဆေးဝါးတရားခံ ၁၆ ဦးတို့အား ICE ၄၄၄၀ ကီလိုဂရမ်၊ ကတ်တမင်း ၁၁၀၀ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀၊ ဘိန်းဖြူအမှုန့် ၁၄ ကီလိုဂရမ် (မူးယစ်ဆေးဝါးကာလတန်ဖိုးငွေကျပ် ၁၇၀ ဒသမ ၄၉ ဘီလီယံခန့်)နှင့် မော်တော်ယာဉ်ငါးစီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေးဒုတိယတာဝန်ခံအဆင့်ရှိ ထွန်းထွန်းနိုင်၏ ထွက်ဆိုချက်အရ AA သောင်းကျန်းသူအဖွဲ့အနေဖြင့် ၎င်းတို့အဖွဲ့ ရပ်တည်နိုင်ရေးနှင့် လက်နက်၊ ခဲယမ်းများ ဝယ်ယူဖြည့်တင်းနိုင်ရေးအတွက် လိုအပ်သောငွေကြေးများရရှိနိုင်ရန် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်တစ်ခုလုံးအား အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများကို ကျယ်ပြန့်စွာ လုပ်ကိုင်လျက်ရှိကြောင်း၊ ယခု ၎င်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများကိုလည်း AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေးတာဝန်ခံအဆင့်ရှိ ဖမ်းဆီးရန်ကျန် တရားခံ မင်းမြတ်ကျော်(ခ)သာစု၏ စေခိုင်းမှုဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ်၊ ဝမ်ဟိုင်းကျေးရွာနေ ဖမ်းဆီးရန်ကျန် တရားခံ ရန်ကုလားထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး မလေးရှားနိုင်ငံသို့ ပို့ဆောင်ရောင်းချခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖမ်းဆီးရန်ကျန် တရားခံများနှင့် ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးသယ်ဆောင်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

# နှစ်နိုင်ငံဆက်ဆံရေးပြန်လည်တိုးမြှင့်ရန် ဘယ်လာရုစ်သမ္မတနှင့် အမေရိကန်ကိုယ်စားလှယ် တွေ့ဆုံဆွေးနွေး

မင့်စ် စက်တင်ဘာ ၁၂

**ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ အလက်ဇန္ဒား လူကာရှန်ကိုနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကိုယ်စားလှယ် ဂျွန်ကိုးလ်တို့ စက်တင်ဘာ ၁၁ ရက်က တွေ့ဆုံကာ ဒဏ်ခတ်ပိတ်ဆို့မှုများ၊ အကျဉ်းသားများ လွှတ်ပေးရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန်ကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း ဘယ်လာရုစ်သမ္မတရုံးက ထုတ်ပြန်ကြေညာသည်။**



တွေ့ဆုံဆွေးနွေးပွဲတွင် သမ္မတ လူကာရှန်ကိုက ဘယ်လာရုစ်သမ္မတနိုင်ငံတွင် အကျဉ်းကျခံနေရသူများ၏ လွတ်ငြိမ်းချမ်းသာခွင့်ရရှိရေးနှင့်ပတ်သက်ပြီး အမေရိကန်၏ စိုးရိမ်ပူပန်မှုများကို ဖြေလျှော့ရန် အသင့်ရှိကြောင်း၊ ထို့ပြင် စစ်နှင့်ငြိမ်းချမ်းရေး အပါအဝင် နှစ်နိုင်ငံအကျိုးစီးပွားကို ထိခိုက်စေသည့် ကမ္ဘာ့အရေးကိစ္စများနှင့်ပတ်သက်၍ ပွင့်လင်းစွာ ဆွေးနွေးမှုများပြုလုပ်လိုကြောင်း၊ စီးပွားရေးကဏ္ဍသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် အရေးပါဆုံး နယ်ပယ်ဖြစ်ကြောင်းနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံအနေဖြင့် အမေရိကန်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုချဲ့ထွင်ရန် စိတ်ဝင်စားကြောင်း ပြောကြားသည်။

အမေရိကန်ကိုယ်စားလှယ် ကိုးလ်ကလည်း အမေရိကန်အနေဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း၊ လတ်တလောတွင် ဘယ်လာရုစ်လေကြောင်းလိုင်း ဘယ်လာဗီးယား အပေါ် ဒဏ်ခတ်မှုများ ရုပ်သိမ်းခြင်းနှင့်အတူ အကျဉ်းသားများ လွှတ်မြောက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် တိုးတက်မှုရရှိပါက ပုံမှန်ဆက်ဆံရေး လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ကိုးလ်က အမေရိကန်အစိုးရအနေဖြင့် မင့်စ်မြို့ရှိသံရုံးကို ပြန်လည်ဖွင့်လှစ်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေး ပုံမှန်အတိုင်းပြန်လည်ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

**ဆင်ဟွာ**



# ပထမဦးဆုံး မီနီခရီးသည်တင် လျှပ်စစ်ကား ဟွန်ဒါ မိတ်ဆက်

**တိုကျို စက်တင်ဘာ ၁၂**

ဟွန်ဒါကားကုမ္ပဏီသည် ၎င်း၏ ပထမဦးဆုံး မီနီခရီးသည်တင် လျှပ်စစ်ကားကို ဂျပန်နိုင်ငံတွင် ပထမဦးဆုံးအကြိမ် မိတ်ဆက်ခဲ့ပြီး ပေါ့ပါးသောကားများအတွက် ဈေးကွက်ဝေစုပိုမိုရရှိရန် ရည်ရွယ်ထားသည်။ ဂျပန်ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဟွန်ဒါသည် N-ONEe ကားကို စက်တင်ဘာ ၁၁ ရက်က စတင်မိတ်ဆက်ခဲ့သည်။ အဆိုပါကားမှာ တစ်ခါအားသွင်းရုံဖြင့် ၂၉၅ ကီလိုမီတာ မောင်းနှင်နိုင်သည်ဟု သိရသည်။

အဆိုပါ အသေးစားကားများသည် ဂျပန်နိုင်ငံတွင် ၂၀၂၄ ဘဏ္ဍာနှစ် မတ်လအထိ ရောင်းချရသည့် ကားသစ်အားလုံး၏ ၃၀ ရာခိုင်နှုန်းကျော် ပါဝင်သည်ဟု ကုမ္ပဏီက ပြောသည်။ အသုံးပြုရလွယ်ကူမှုနှင့် နိုင်ငံအတွင်းရှိလမ်းများ ကျဉ်းမြောင်းမှုကြောင့် အဆိုပါကားများမှာ ဂျပန်နိုင်ငံတွင် ဝယ်လိုအား ခိုင်မာနေဆဲဖြစ်ကြောင်း ဟွန်ဒါမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လျှပ်စစ်ကား အသုံးပြုမှုကို မြှင့်တင်ရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် လူကြိုက်များသည့် ကားအမျိုးအစားကို ထုတ်လုပ်ခြင်းဖြစ်ကြောင်း ဟွန်ဒါကုမ္ပဏီမှ ကာဝါဆာကာဟိုက်ဒီယိုက ပြောကြားခဲ့သည်။

ကာဗွန်ထုတ်ရှိမှုလျှော့ချရေး အောင်မြင်မှုဆီ သွားနေသည့် ကုမ္ပဏီ၏ကြိုးပမ်းအားထုတ်မှုကို ပြည်သူများ အသိအမှတ်ပြုလိမ့်မည်ဟုလည်း မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နော်ဝေနိုင်ငံ၌ အများပြည်သူကျန်းမာရေးအကြံပေးရန် အေအိုင်ဝန်ဆောင်မှုအသုံးပြုသွားမည်

**အော်စလို စက်တင်ဘာ ၁၂**

နော်ဝေနိုင်ငံအစိုးရသည် အများပြည်သူကျန်းမာရေး ပလက်ဖောင်းမှတစ်ဆင့် ပြည်သူများအတွက် ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များ ထောက်ပံ့ပေးနိုင်ရေး အမျိုးသားဉာဏ်ရည်တု (အေအိုင်) ဝန်ဆောင်မှုကို တည်ထောင်ရန်စီစဉ်နေကြောင်း စက်တင်ဘာ ၁၁ ရက်တွင် ကြေညာခဲ့သည်။ ကျန်းမာရေးနှင့် စောင့်ရှောက်မှုဝန်ကြီးဌာနသည် ဝန်ဆောင်မှုအသစ် စတင်ခြင်းကို အကဲဖြတ်ရန်အတွက် ကျန်းမာရေးညွှန်ကြားမှု ဦးစီးဌာနကို တာဝန်ပေးထားသည်။

**မျိုးဆက်သစ် အေအိုင်နည်းပညာကို အခြေခံမည်**

ဝန်ဆောင်မှု အသစ်သည် မျိုးဆက်သစ် အေအိုင်နည်းပညာကို အခြေခံမည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ပါဝင်သည်။ ယင်းသို့ လုပ်ဆောင်ရခြင်း၏ ရည်ရွယ်ချက်မှာ လူတိုင်းအရည်အသွေးအာမခံရှိပြီး ဘေးကင်းသောဒစ်ဂျစ်တယ် ကျန်းမာရေးဝန်ဆောင်မှုကိုရရှိရန် ဖြစ်ကာ အေအိုင်ဝန်ဆောင်မှုအတွက် အခြေခံမှာ နော်ဝေနိုင်ငံ၏အကြံပြုချက်များနှင့် ဥပဒေများ ဖြစ်ရန်လိုအပ်ကြောင်း ကျန်းမာရေးနှင့်စောင့်ရှောက်မှု ဝန်ဆောင်မှုများဆိုင်ရာဝန်ကြီး ယန်းခရစ္စယန် ဘက်စ်ထရာက ပြောသည်။

**အေအိုင်စနစ်ကို ကျန်းမာရေးအတွက် အသုံးပြုလာ**

အထူးသဖြင့် နော်ဝေလူငယ်များမှာ အေအိုင်စနစ်ကို ကျန်းမာရေး သတင်းအချက်အလက်အတွက် အသုံးပြုလာကြကြောင်း အစိုးရက ပြောသည်။ လွန်ခဲ့သော သုံးလအတွင်း အသက် ၁၆ နှစ်မှ ၂၄ နှစ်ကြား လူ ၁၀ ဦးလျှင် ခုနစ်ဦးမှာ အေအိုင်ကိုအသုံးပြုကြောင်း တရားဝင် အချက်အလက်များ အရသိရသည်။ ယခုဝန်ဆောင်မှုသည် ဆရာဝန်များ သို့မဟုတ် အရေးပေါ် ဝန်ဆောင်မှုများကို အစားထိုးခြင်းမပြုဘဲ ဒစ်ဂျစ်တယ် ကျန်းမာရေး အကြံပေးအဖြစ် ၂၄ နာရီစလုံး ဝန်ဆောင်မှုပေးနိုင်မည်ဟု ၎င်းကဆက်ပြောသည်။

**ဖွံ့ဖြိုးတိုးတက်သွားအောင် လုပ်ဆောင်သွားမည်**

အဆိုပါ ဝန်ဆောင်မှုကို နော်ဝေနိုင်ငံ၏ ကျန်းမာရေး ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး မဟာဗျူဟာအောက်တွင် အဆင့်လိုက် ဖွံ့ဖြိုးတိုးတက်သွားအောင် လုပ်ဆောင်သွားမည်ဖြစ်သည်။ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ အသုံးပြုသူများနှင့် ပူးပေါင်းကာ သင်ယူခြင်းနှင့်စမ်းသပ်ခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**

# နိုင်ငံတစ်ဝန်း အင်တာနက်တန်းတူညီမျှ သုံးစွဲနိုင်ရန် အင်ဒိုနီးရှား ဂြိုဟ်တုသစ်တစ်လုံးလွှတ်တင်

**ဂျကာတာ စက်တင်ဘာ ၁၂**

နိုင်ငံတစ်ဝန်း အင်တာနက်တန်းတူညီမျှသုံးစွဲနိုင်မှု တိုးတက်စေရန် အင်ဒိုနီးရှားနိုင်ငံက နူဆန်တရာ-၅ ဟုအမည်ပေးထားသော ဂြိုဟ်တုသစ်တစ်လုံးကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်ရေးရာဝန်ကြီး မုယာဟာဖစ်က စက်တင်ဘာ ၁၂ ရက်တွင် ပြောကြားလိုက်သည်။




နူဆန်တရာ-၅ ဂြိုဟ်တု အောင်မြင်စွာလွှတ်တင်ပြီးနောက် အင်တာနက်ဆက်သွယ်မှုများကို ယခင်ထက်ပိုမို ဖြန့်ကြက်လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း ဟာဖစ်က ဆက်လက်ပြောကြားသည်။

ယင်းဂြိုဟ်တုကို စက်တင်ဘာ ၁၀ ရက်က အမေရိကန်ပြည်ထောင်စုရှိ SpaceX Falcon 9 ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

မြန်နှုန်းမြင့် အင်တာနက်သည် နည်းပညာတိုးတက်မှုကို ဖော်ညွှန်းရုံသာမက အခွင့်အရေး တန်းတူရရှိခြင်းကိုလည်း ကိုယ်စားပြုသည်ဟု ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ ဂြိုဟ်တုသည် အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းဒေသရှိ ဆက်သွယ်ရေးကွန်ရက်များကို ပိုမိုတိုးတက် ကောင်းမွန်စေမည်ဟု မျှော်လင့်ရသည့်အပြင် အဝေးသင်ပညာရေးစနစ်၊ ဒစ်ဂျစ်တယ်ကျန်းမာရေးစောင့်ရှောက်မှု၊ ဝေးလံခေါင်သီသောဒေသအတွက်သတင်းအချက်အလက်နှင့် ဖျော်ဖြေမှုများကိုပါ ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

**ဆင်ဟွာ**

# တူရကီယဲနိုင်ငံတစ်ဝန်း အိုင်အက်စ်အဖွဲ့နှင့် ဆက်စပ်သံသယရှိသူ ၁၆၁ ဦးကို ဖမ်းဆီးထား

**အန်ကာရာ စက်တင်ဘာ ၁၂**

တူရကီယဲနိုင်ငံတစ်ဝန်း အကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေး စစ်ဆင်ရေးတွင် အိုင်အက်စ်အဖွဲ့နှင့် ဆက်စပ်မှုရှိသည်ဟု သံသယရှိသူ ၁၆၁ ဦးကို တူရကီယဲရဲတပ်ဖွဲ့က ဖမ်းဆီးထားကြောင်း ပြည်ထဲရေးဝန်ကြီး အလီယာလီခါရာက စက်တင်ဘာ ၁၂ ရက်တွင် ပြောကြားသည်။

ပြီးခဲ့သော သီတင်းပတ်တွင် ပြုလုပ်ခဲ့သည့် အဆိုပါစစ်ဆင်ရေးသည် မြို့တော်အန်ကာရာနှင့် အစ္စတန်ဘူလ်ကဲ့သို့သော မြို့ကြီးများ အပါအဝင် ပြည်နယ် ၃၈ ခုတွင် ဆောင်ရွက်ခဲ့ကြောင်း၊ အိုင်အက်စ်အဖွဲ့အား ငွေကြေးပံ့ပိုးပေးနေသည်ဟု သံသယရှိသူများအား လိုင်စင်မဲ့လက်နက်များသာမက စစ်ရေးဆိုင်ရာ စာရွက်စာတမ်းများနှင့် ဒစ်ဂျစ်တယ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း၊ တူရကီယဲနိုင်ငံ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အနှောင့်အယှက်မရှိအောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီး ယာလီခါရာက ပြောကြားသည်။ တူရကီယဲနိုင်ငံက အိုင်အက်စ်အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် ၂၀၁၃ ခုနှစ်တွင် သတ်မှတ်ခဲ့ပြီးအချိန်မှစ၍ ၎င်းတို့၏ အဖွဲ့ဝင်များနှင့် လှုပ်ရှားမှုများကို နှိမ်နင်းရန်အတွက် ပြည်တွင်းရော ပြည်ပပါ အကြမ်းဖက်မှုနှိမ်နင်းရေး စစ်ဆင်ရေးများကို လုပ်ဆောင်ခဲ့သည်။

**ဆင်ဟွာ**




"From science to global action"

"အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံး မြှင့်တင်ဆောင်ရွက်ပေး"

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး မျက်စိဝေဒနာရှင်များ အခမဲ့ ခွဲစိတ်ကုသပေးနေမှုအား ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ သွားနှင့်ခံတွင်းဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များအား အခမဲ့ ကုသပေးခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက အဆိုပါဆေးရုံကြီး ၌ ကျင်းပရာ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုး၊ ပုဗ္ဗသီရိ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ကြည်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးနေမှုကို ကြည့်ရှုအားပေးသည်။



အဆိုပါ မျက်စိဝေဒနာရှင်များအား အခမဲ့ ကုသပေးခြင်းလုပ်ငန်းကို သဲဖြူနှင့် မဟာမြိုင်တောရမဏ္ဍိုင်ရိပ်သာကြီး သဲဖြူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တပညာဇောတ မထေရ်မြတ်ကြီးအား ဦးထိပ်ထားပြီး ပြည်ထောင်စုနယ်မြေအတွင်းရှိ မျက်စိအမြင်အာရုံချို့ယွင်းသူများ အလင်းပြန်လည်ရရှိစေရန် ရည်ရွယ်၍ နေပြည်တော် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ရောဂါ အထူးကု ဆေးရုံကြီး ပါမောက္ခ(မျက်စိ) ဦးဆောင်ကာ အခမဲ့မျက်စိစမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်းနှင့် မျက်စိဝေဒနာရှင်များ၏ ဆေးရုံအသွားအပြန် ခရီးစရိတ်များ၊ ခွဲစိတ်ကုသခြင်း ကိစ္စများအားလုံးကို Mother Group of Companies မှ အခမဲ့ လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# တီးတိန်မြို့၌ အီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းဖွင့်

**တီးတိန် စက်တင်ဘာ ၁၂**

ချင်းပြည်နယ် တီးတိန်မြို့၌ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ဦးဆောင်မှုဖြင့် အီလက်ထရောနစ် မဲပေးစက် (MEVM) အကြောင်း ရှင်းလင်းပြသခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ် သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ (ကိုယ်စား)အဖွဲ့ဝင် ဒုတိယ ဗိုလ်မှူးကြီး ဟန်မင်းထွန်းက အမှာစကားပြောကြားပြီး မြန်မာ အီလက်ထရောနစ် မဲပေးစက် (Myanmar Electronic Voting Machine)နှင့် စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇွေစိုးက ရှင်းလင်းပြသသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ပြည်သူများ တက်ရောက်ကြပြီး MVEM မဲပေးစက်ဖြင့် စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။

မိုးမိုး



# ရေတာရှည်မြို့နယ်၌ လှေခွဲချောင်းသဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

**ရေတာရှည် စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ လှေခွဲချောင်းသဘာဝရေပြင်အတွင်းသို့ ငါးမျိုး စိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက လှေခွဲချောင်းတံတားအနီး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဦးနှင့်ဝန်ထမ်းများ၊ သနပ်ပင်ငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးအောင်မျိုးဦးနှင့်ဝန်ထမ်းများက လှေခွဲချောင်းသဘာဝရေပြင်အတွင်းသို့ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၂၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ တရားမဝင်တင်သွင်းလာသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၂ ဒသမ ၅ တန် ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ တရားမဝင်တင်သွင်းလာသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၂ ဒသမ ၅ တန် ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၈ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဆွတ်ဆိုင်ကျေးရွာအနီးတွင် ဇေယျာလင်း၊ ရှိုင်းဝဏ္ဏအောင်၊ လင်းပိုင်ဖြိုး၊ အိုက်စွမ်နှင့် စိုင်းထွန်းတို့ ငါးဦးအား ကဖင်း ၂ ဒသမ ၅ တန် (ဌင်းဒေသတန်ဖိုး ငွေကျပ် သိန်း ၂၀၀၀)၊ NISSAN DIESEL ၁၂ ဘီးယာဉ် တစ်စီး၊ REVO ယာဉ် နှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည် ဖမ်းဆီးရမိ ကဖင်းများအား သယ်ဆောင်ခိုင်းသူ တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာအုပ်စု ခုတ်ဝကျေးရွာနေ ဝင်းထွန်း၏နေအိမ်ကို ဆက်လက်ဝင်ရောက်ရှာဖွေရာ ၎င်းမှာ တိမ်းရှောင်လျက်ရှိပြီး နေအိမ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၀၀)အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများ၏ ပိုင်ရှင်ဖြစ်သူ တာချီလိတ်မြို့နယ် လွှန်ကျိုင်းကျေးရွာနေ အိုက်မုန်း(ခ) အိုက်နန်မုန့်(ဖမ်းဆီးရန်ကျန်)သည် မြန်မာ-လာအိုနယ်စပ်မဲခေါင်မြစ်ကြောင်းမှတစ်ဆင့် တာချီလိတ်မြို့နယ်အတွင်းသို့ တရားမဝင်တင်သွင်းခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို စက်တင်ဘာ ၁၂ ရက်က နေပြည်တော် တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးမြစိုး ကြီးကြပ်ကာ ရွှေမြို့ နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ထွန်းနိုင်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်မြင့်မိုးနှင့် ဝန်ထမ်းများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၄၅၀ တို့က ကံလှကျေးရွာနှင့် ဂါတ်ချိုင်းကျေးရွာချင်းဆက် လမ်းဘေးဝဲ/ယာတစ်လျှောက်တွင် မဲဇလီ ၂၅၀၊ စစ် ၂၅၀၊ ကုက္ကို ၁၀၀ စုစုပေါင်း ပျိုးပင် ၆၀၀ ကို စိုက်ပျိုးကြစဉ်။

တင်စိုးလွင်

ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး



ကျိုက်မရောမြို့နယ်၌ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁၅) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲ (ကျိုက်မရော)မှ ဌာနချုပ် တပ်ခွဲမှူး ယာယီရဲမှူးကျော်ဇေယျ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက အမှတ်(၅) တပ်မတော်ဆေးရုံ ခုတင် (၃၀၀) ၌ စက်တင်ဘာ ၁၂ ရက်က စုပေါင်းသွေးလှူဒါန်းစဉ်။

ကျိုက်မရော(ပြန်/ဆက်)

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသား၊ သမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်



**နေပြည်တော် စက်တင်ဘာ ၁၂**

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသား၊ သမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းနှင့် ဝန်ထမ်းများအား ဆန်၊ ဆီ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းသားသမီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်အဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာမူလတန်းအဆင့်တွင် ပညာသင်ကြားနေသော ဝန်ထမ်းသား၊ သမီးများအားပညာသင်ထောက်ပံ့ကြေးနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများအား ဆန်၊ ဆီများ ပေးအပ်ကြရာ ဝန်ထမ်းများနှင့် ဝန်ထမ်းသား၊ သမီးများကိုယ်စား ဒုတိယ ညွှန်ကြားရေးမှူးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဝန်ထမ်းများနှင့်ဝန်ထမ်းသား၊ သမီးများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးကိုကိုကျော် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါဟူစိန်အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များနှင့် နိုင်ငံတကာ မျက်နှာစာ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြ သည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နတ်မောက်မြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနား ကျင်းပ



**နတ်မောက် စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နတ်မောက်မြို့ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ နတ်မောက်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက အလှဆုံးပန်းများ ပွင့်ကြပြီ တေးသီချင်းဖြင့် ကပြဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်ဦးက ကျောင်းသားကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေး၊ စာပေအသိပညာကြွယ်ဝရေးနှင့် ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက ထာဝရမြန်မာ သီချင်းနှင့် သွေးချင်းတို့ရဲ့မြေ သီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမြဲမပြတ်လေ့လာသင်ယူရေး စကားဝိုင်း (Never Stop Learning Talk Show)တွင် စာရေးဆရာတက္ကသိုလ်ဘုန်းနိုင်ရေးသားသော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကိုဖော်ကျူးသည့် သူ့ကျွန်မခံပြီ စာအုပ်ကိုပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နတ်မောက်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက စည်းလုံးခြင်းအတွက်သီချင်းတစ်ပုဒ် သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ယင်းနောက် တက်ရောက်လာကြသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်း၊ စာအုပ်စာစောင်ပြခန်း၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

**လှဝင်း**

# ချစ်စရာ့အရွယ်ကစားကြမယ် ကလေးအစီအစဉ်၊ မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက် ထုတ်လွှင့်မည်




**နေပြည်တော် စက်တင်ဘာ ၁၂**

ချစ်စရာ့အရွယ် ကစားကြမယ် ကလေးအစီအစဉ်ကို MRTV HD Channelမှ အပတ်စဉ် (စနေနေ့) တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ စက်တင်ဘာ ၁၃ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းနှင့် ရင်သွေးပျိုးခင်းပုဂ္ဂလိက မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV – HD Channel မှ ဆက်လက် ထုတ်လွှင့်ပြသမည် ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ အချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်း ဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည် ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက် လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင်လည်း စက်တင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ MRTV HD Channel တွင် စက်တင်ဘာ ၁၅ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင် လည်းကောင်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အထက် ကျော်လွန်

နေပြည်တော် စက်တင်ဘာ ၁၂

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေ သည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ပေဝက်ကျော် ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၂**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ရေကြည်မြို့နယ်၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြော



**ရေကြည် စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း (မြို့မ)၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီဝင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဘိုဘိုထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးဥက္ကာကျော်က ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာသိကောင်းစရာ အချက်အလက်များကို ဟောပြောဆွေးနွေးသည်။

ထို့နောက် မြို့မရဲစခန်းမှူး ဒုရဲမှူး နေထွန်းက တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်သင်းသင်းဆွေနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မိုးစီစီအောင်တို့က အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ၊ လိင်ပိုင်းဆိုင်ရာ လိမ်လည်မှုများအကြောင်းကို လည်းကောင်း ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနမှ ပေးပို့လာသည့် အသိပညာပေးဗီဒီယိုကလစ် နှစ်ခုကို ကျောင်းသား ကျောင်းသူများအား ပြသပြီး အသိပညာပေးနံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုင်းဖြတ်မြို့နယ်၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေးဟောပြော

**မိုင်းဖြတ် စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့



နံနက်ပိုင်းက အထက(ဟိုနား)ကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်စိန်တို့က အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က ဆိုရှယ်မီဒီယာများမှတစ်ဆင့် ဆက်သွယ်ရေးလိမ်လည်မှုပြဿနာများ နှင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ အတွင်းရေးမှူး ဒေါ်တင်မာလွင်က ကျောင်းသား ကျောင်းသူများ မိုဘိုင်းဖုန်းအသုံးပြုပါက လိုက်နာရမည့်အချက်များကို ပြောကြားသည်။ ဟောပြောပွဲအပြီးတွင် လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနမှပေးပို့လာသည့် အသိပညာပေးဗီဒီယိုကလစ်ကို ပြသခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြို့သစ်မြို့နယ်၌ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပ



**မြို့သစ် စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

အဆိုပါ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြား၍ မြို့နယ်စာအုပ်စာစောင် ချစ်မြတ်နိုးသူအသင်း (Book Club) အဖွဲ့ဝင် ဆရာ ဦးတင်မောင်ဝင်းက ပန်းချီရေးဆွဲရာတွင် ပါဝင်ရမည့်အချက်များနှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့မှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**

## ကဝမြို့နယ်၌ မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်

**ကဝ စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်မီးသတ်ဦးစီးဌာနမှ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းကို ယမန်နေ့က အထက (မကျက်ကြီး) ကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် အထက (မကျက်ကြီး)ကျောင်းမှကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းသူက မီးလောင်မှုဖြစ်ပွားပါက လုပ်ဆောင်ရမည့် ဆောင်ရန်၊ ရှောင်ရန်တို့ကို ရှင်းလင်းဟောပြောသည်။ ထို့နောက် ရေစိုဝတ်ဖြင့် မီးငြိမ်းသတ်ပုံ၊ ဂတ်(စ်)မီးငြိမ်းသတ်ပုံ၊ မီးသတ်ဆေးဘူးဖြင့်



မီးငြိမ်းသတ်ပုံတို့ကို ကျောင်းသား ကျောင်းသူများနှင့်အတူ လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့သည်။ **ရဲဇော်ဟိန်း(ပြန်/ဆက်)**

## ဆိပ်ဖြူမြို့နယ်၌ ကွမ်းစားခြင်းအန္တရာယ်အကြောင်းအသိပညာပေး

**ဆိပ်ဖြူ စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကွမ်းစားခြင်းအန္တရာယ်အကြောင်း အသိပညာပေး Talk Showကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စီစီမိုးက ကွမ်းစားခြင်းနှင့်ပတ်သက်ပြီး ဆိုးကျိုးအန္တရာယ်များကို သိရှိစေရန် ရည်ရွယ်၍ပြုလုပ်ရခြင်းဖြစ်ကြောင်းနှင့် ကွမ်းစားခြင်းကြောင့်ဖြစ်ပေါ်နိုင်သော ရောဂါများအကြောင်းကို အသိပညာပေး ဆွေးနွေးသည်။

ဆက်လက်၍ စာကြည့်တိုက် လက်ထောက်(၃) ဒေါ်ရီရီချိုက ကွမ်းစားခြင်းကြောင့် မိမိတစ်ကိုယ်ရေ ကျန်းမာရေးသာမက ပတ်ဝန်းကျင်သန့်ရှင်းမှုကိုပါ ထိခိုက်စေပြီး သွားနှင့်ခံတွင်းရောဂါများကို ဖြစ်ပေါ်စေနိုင်သောကြောင့် ကွမ်းစားခြင်းကို ရှောင်ကြဉ်သင့်ကြောင်း အကြံပြုဆွေးနွေး ပြောကြားခဲ့သည်။

**ရီရီချို(ပြန်/ဆက်)**



## ပေါက်ခေါင်းမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**ပေါက်ခေါင်း စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က အထက(ကြို့ပင်ကန်) ကျောင်းခန်းမ၌ ကျင်းပရာ အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၆၀ ခန့် တက်ရောက်ခဲ့သည်။

ဦးစွာ အထက(ကြို့ပင်ကန်)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်ဆွေက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူ လေးဦးက လူငယ်နှင့် စာကြည့်တိုက်၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ ကျောင်းသားကျောင်းသူလေးများက သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**



## ကလေးဝမြို့၌ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အကြို ပန်းချီပြိုင်ပွဲ ပြုလုပ်

**ကလေးဝ စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အကြို ပန်းချီပြိုင်ပွဲကို မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူး၍ အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါ ပန်းချီပြိုင်ပွဲတွင် မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရာဇာဝင်းက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အကြို ပန်းချီပြိုင်ပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အကြို မူလတန်းအဆင့်ပန်းချီပြိုင်ပွဲကို "အိုဇုန်းလွှာကာကွယ်ရေးသိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံး မြှင့်တင် ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် ကျင်းပရာ ကျောင်းသား ကျောင်းသူ ၃၀ က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ညောင်ဦးမြို့၌ ဝင်ငွေတိုးစီမံကိန်း၊ သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းပေးအပ်

**ညောင်ဦး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်းသင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်း ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး သော်ထိုက်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူးက စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ညောင်ဦးမြို့နယ် အရှေ့ဖွားစောကျေးရွာနှင့် ဝါခင်းကြီးကျေးရွာတို့မှ စက်ချုပ်လုပ်ငန်းနှင့် စားသောက်ကုန်ထုတ်လုပ်ငန်း ထူထောင်လိုသူ ၁၀ ဦးကို လုပ်ငန်းသုံး စက်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင် ဦးစီးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၁ ရက်တွင် စမ်းချောင်းမြို့နယ် ခေမာသီရိရပ်ကွက် ဗားကရာလမ်းရှိ အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားကြီးဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြန်မာ့အလင်း

## ဘိုကလေးမြို့နယ်၌ ဆရာအတတ်ပညာအရည်အသွေးမြှင့်ဆွေးနွေးပွဲ ပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်

**ဘိုကလေး စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ဘိုကလေးပညာရေးဒီဂရီကောလိပ်တွင် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ တိုင်းရင်းသားဘာသာ စာပေသင် ဆရာ ဆရာမများအား ဆရာအတတ်ပညာအရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲ ဆောင်ရွက်



လျက်ရှိရာ ယမန်နေ့တွင် အထောက်အကူပြု ဆွေးနွေးပွဲပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်ပွဲကို ကျင်းပသည်။

အခမ်းအနားကို တိုင်းရင်းသားဘာသာစာပေသင် ဆရာ ဆရာမများက ကရင်ဒုံးယိမ်းအကဖြင့် ဖျော်ဖြေဖွင့်လှစ်သည်။ ထို့နောက် ဘိုကလေးပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းစိုးက အမှာစကား ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်က အရည်အသွေးပြည့်ဝသည့် ဆရာ ဆရာမများ ဖြစ်လာစေရေး မိမိတို့၏ ကိုယ်ရည်ကိုယ်သွေးများအား အစဉ်မပြတ် မြှင့်တင်ဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌနှင့် ဘိုကလေးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးတို့က အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲတက်ရောက်ခဲ့ကြသည့် တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမ ၁၀၉ ဦးအတွက် မြို့နယ်အလိုက် ဆွေးနွေးပွဲပြီးမြောက်ကြောင်း လက်မှတ်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## တနင်္သာရီတိုင်းဒေသကြီး၌ မိုးသီနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၂၁၂၀၂၉ ဧက စိုက်ပျိုးပြီးစီး

**မြိတ် စက်တင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး၌ မိုးသီနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၂၁၂၀၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးလျာထား ဧက ၂၂၃၉၆ လျာထားပြီး မိုးစပါး စတင်စိုက်ပျိုးမှုကို ယခုနှစ် ဇွန်လအတွင်း စိုက်ပျိုးခဲ့ရာ သြဂုတ်လ ပိုင်းကုန်အထိ စိုက်ပြီးဧက ၂၁၂၀၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ယခင် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါး စိုက်ဧက ၂၂၃၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ရိတ်သိမ်းပြီးစီးချိန်တွင် စပါးတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ တင်း ၇၃ ဒသမ ၂၀၊ စပါးအထွက် စုစုပေါင်း ၁၆၂၇၉၅၆၆ တင်း ထွက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



## ဒိုက်ဦးမြို့နယ် ဖောင်တော်သီအခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**ဒိုက်ဦး စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် လူငယ်စကားဝိုင်းကို ယမန်နေ့က ဖောင်တော်သီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ဖောင်တော်သီကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်သန်းက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆွေသက်အောင်က လူငယ်စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

အဆိုပါ လူငယ်စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးသူ



အဖြစ် ပါဝင်ပြီး ကျောင်းသား ကျောင်းသူ ငါးဦးက လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့်ကျန်းမာရေးကဏ္ဍ၊ လူငယ်နှင့် စာဖတ်ခြင်း၊ ကလေးသူငယ်အခွင့်အရေး၊ လူငယ်နှင့်အားကစား ခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာသော ကျောင်းသားကျောင်းသူများက သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဖြူးမြို့နယ်အတွင်း ကျေးရွာနေပြည်သူများအား မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

**ဖြူး စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက တံခွန်တိုင်ကျေးရွာအုပ်စု ငွေးကုန်းကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျေးရွာနေပြည်သူများအား မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောသည်။

ထိုသို့ဟောပြောရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးချမ်းဟိန်းလင်းတို့က ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များနှင့် သစ်တောသစ်ပင်များ၏ အရေးပါမှုအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## ငါန်းဇွန်မြို့၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**ငါန်းဇွန် စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၆၅ ဦး စုစုပေါင်း ဂုဏ်ထူးရကျောင်းသား




ကျောင်းသူ ၉၀ တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုကတ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

## ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) အင်္ဂလိပ်စာ | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) ဇီဝဗေဒနှင့် ဓာတုဗေဒ | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ခ) တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) အင်္ဂလိပ်စာ | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) သင်္ချာ | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ဂ) စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) အင်္ဂလိပ်စာ | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) သင်္ချာ | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | |
|---|---|
| (က) နေပြည်တော် | အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။ |
| (ခ) မြစ်ကြီးနားမြို့ | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) လားရှိုးမြို့ | အထက(၅)၊ လားရှိုးမြို့။ |
| (ဃ) တောင်ကြီးမြို့ | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (င) ခိုလမ်မြို့ | တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။ |
| (စ) ကျိုင်းတုံမြို့ | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (ဆ) မော်လမြိုင်မြို့ | တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။ |
| (ဇ) မြိတ်မြို့ | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဈ) ရန်ကုန်မြို့ | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ည) ပုသိမ်မြို့ | တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။ |
| (ဋ) မုံရွာမြို့ | အထက(၂)၊ အလုံတပ်မြို့။ |
| (ဌ) မန္တလေးမြို့ | တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။ |
| (ဍ) တောင်ငူမြို့ | အမှတ်(၁၀)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း။ |

၃။ ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးကတ် တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း

ဇလွန်မြို့နယ်ခင်ပြည့်ကျေးရွာနေ ဒေါ်အေးသီတာမိုး ၁၄/ဇလန(နိုင်)၀၈၃၇၃၆၏ ဖခင်ဦးကျင်ဝင်းနှင့် ဦးကြင်ဝင်း ၁၄/ဇလန(နိုင်)၀၇၃၂၈၉ သည်ဖခင် တစ်ဦးတည်း ဖြစ်ပါ ကြောင်း။

**ဒေါ်အေးသီတာမိုး**

## ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း

ဇလွန်မြို့နယ် ဇော်ဂျီကွင်းကျေးရွာနေ-နော်မိုးသန္တာချိုနှင့် ဒေါ်မိုးသန္တာချိုသည်တစ်ဦးတည်းဖြစ်ပြီး ဖခင်ဦးချို(ခ)ဦးမောင်ချိုသည် ဖခင်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**နော်မိုးသန္တာချို**

## ပတ်စ်ပို့ပျောက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ ရွာလယ်လမ်း၊ အိမ်အမှတ် (၉/၄၂) နေ မောင်ဇေယျာဦး(ဘ)ဦးအောင်မြင့် ၈/အလန(နိုင်)၁၅၈၀၃၉၏ ပတ်စ်ပို့စာအုပ်(MI- 358498)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၇၈၆၂၄၂၈၀၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ဆည်မြို့နယ်၊ အထက ကျောက်ဆောက်ကုန်းကျောင်းမှ လ/ထ မူပြတာဝန်ထမ်းဆောင်နေသော ဦးကျော်ဇင်ထွန်း၏ ဖခင်သည် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အမှုထမ်းစာအုပ်တွင်ပါရှိသော ဦးဆန်းဝေနှင့် နိုင်ငံသားကတ်ပြားတွင်ပါရှိသော ဦးသန်းဝေသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသန်းဝေ(ခ) ဦးဆန်းဝေ ၁၀/မလမ(နိုင်)၁၀၅၉၆၇**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ အထက (၁)နေ (ဘ)ဦးသန်းညွန့်၏သမီး မနန်းဇာနည်(G-12)၏ မွေးသက္ကရာဇ်အမှန်မှာ (၂၉-၃-၂၀၀၈) ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ အထက (၁)နေ (ဘ) ဦးအောင်နိုင်ဝင်း၏သမီး မသုသဇ္ဇာနိုင် (G-12) ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၀-၇-၂၀၀၇) ဖြစ်ပါကြောင်း။

# မိဘအမည်မှန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ကျောင်းလမ်း၊ အိမ်အမှတ် ၁၃/၁၅တွင် နေထိုင်သောကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းထွန်းစိုး(၁၄/မအပ(နိုင်)၁၃၉၈၁၈)၏ ဖခင်အမည်မှန်မှာ **ဦးကောက်**ဖြစ်ပြီး မိခင်အမည်မှန်မှာ **ဒေါ်တင်ဟန်** ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

နောင်တွင် အရေးယူဆောင်ရွက်ရမည့် စာရွက်စာတမ်း ကိစ္စရပ်များတွင် ဖခင်အမည်ကို **ဦးကောက်**နှင့် မိခင်အမည်ကို **ဒေါ်တင်ဟန်** အဖြစ်သာ အသုံးပြုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းထွန်းစိုး ၁၄/မအပ(နိုင်)၁၃၉၈၁၈၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြင့်သူ (LL.B)အထက်တန်းရှေ့နေ (စဉ် -၄၀၆၉၈)**
**အမှတ် (၂၃)မြင်သာ (၁)လမ်း ၊ (၁၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း ၀၉-၄၃၀၂၀၄၁၄၊ ၀၉-၉၄၀၈၈၁၄၁၄**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၇) ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် (၇+၈)၊ တိုက်တန်းဝွေ့စီးအကွက်၊ ဦးပိုင် အမှတ် (၁၇၅-ဃ)၊ ဧရိယာ (၀.၀၃၆) ဧကရှိ ဦးမင်းသိန်း အမည်ပေါက် အရှေ့ - ဦးပိုင် (၁၈၀- က)၊ အနောက် - ကုန်သည်ကြီးလမ်း၊ တောင် - ဦးပိုင်အမှတ် (၁၇၆+၁၇၉-င+၁၇၉-ဃ+၁၇၉-က)၊ မြောက် ဦးပိုင် (၁၇၅-ခ) အတွင်းရှိ ဘိုးဘွား ပိုင်ခြံမြေကွက်ကို ဦးမောင်မောင်ညွန့်(ခ) ကျန်ကျင်ဝမ်က အမည်ပြောင်းပေးရန် လျှောက်ထားခြင်းဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက (၃-၉-၂၀၂၅) မှ (၃-၁၀-၂၀၂၅) ရက်အတွင်း ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိ ဟုယူဆပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန**
**တောင်ငူမြို့**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ အထက(မင်းကွက်) Grade-12 (B)မှ မဇင်မိုးဝါ(ဘ) ဦးကျော်စွာ၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၁၀-၂၀၀၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပြည်မြို့၊ အထက (၂) Grade-12 ၌ ပညာသင်ကြားနေသော မယမင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးဟံဇော်ထွန်း ၇/ပမန(နိုင်)၁၅၄၅၅၅ ဖြစ်ပါကြောင်း။

**ဦးဟံဇော်ထွန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆၂)၊ အုံးတော အကွက်၊ ဦးပိုင်အမှတ် (၁-ဃ)၊ ဧရိယာ (၀.၀၆၉) ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ကန်လမ်း၊ အိမ်အမှတ်(၄၇)နေ ဒေါ်ခင်စမ်းဝေမှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ဟိုင်ဆင်ဒူးဝါးလမ်း၊ မြေကွက်အမှတ် (၇၆၅/A) ဦးညွန့်မောင် အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ်ပေ(၂၀x၆၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်ချစ်စုမြိုင်(၁၂/မဂတ(နိုင်)၀၇၂၇၁၉)သည် အမည်ပေါက်ထံမှတစ်ဆင့်၊ အဆင့်ဆင့်သော အရောင်းအဝယ်စာချုပ်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ပါမစ်မူရင်းနှင့် အရောင်းအဝယ်ပြုခဲ့ပြီးသည့် အဆင့်ဆင့်သော အရောင်း အဝယ်စာချုပ်အားလုံးတို့သည် စစ်မှန်သည်ကို (အလုံးစုံ)တာဝန်ယူပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်းဝန်ခံပါသဖြင့် ဒေါ်လှယဉ်ကျော့(၁၂/ဗတထ(နိုင်)၁၁၁၀၁၄)မှ စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LLB)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၆၆၀၅ (၂၀-၇-၁၉၉၈)**
**ရုံး/အိမ် အမှတ်(ဃ/၃၀၄)၊ ပထမထပ်၊ခေမာသီလမ်း၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆၂)၊ အုံးတောအကွက်၊ ဦးပိုင်အမှတ်(၈၈)၊ ဧရိယာ (၀.၀၂၆) ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၂) ရပ်ကွက်၊ ကန်လမ်း၊ အိမ်အမှတ်(၄၇)နေ ဒေါ်ခင်မာဝေမှ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဥယျာဉ်စုရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၆၈၇၊ ဥယျာဉ်စုကွင်း၊ ဦးပိုင်အမှတ်(၈၁ ၁/၁)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဒေါ်ခင်မာလာ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဦးမျိုးဝင်း ၁၂/ကမရ(နိုင်)၀၂၇၂၁၄မှ မြေငှားစာချုပ်၊ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၁၄၄/၂၀၂၅)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့နယ်၊ အထက(ခွဲ) လဲဘူးမှ အထက်တန်းပြဆရာမ နော်ဟေသားကလယ် ၇/တငန(နိုင်)၁၅၉၉၇၆၏ ဖခင်အမည်မှန်မှာ စောဖားကာလွဲနှင့် စောဖားဂါလွဲ ၇/တငန(နိုင်)၀၇၄၁၄၃ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**စောဖားကာလွဲ(ခ)စောဖားဂါလွဲ**

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၈)Grade-12 မှ မောင်မြင့်မြတ်ကျော်၏ ဖခင် အမည်မှန်မှာ ဦးကျော်ဇေယျထွန်း ၁၁/စတန (နိုင်) ၀၆၃၅၃၄ ဖြစ်ပါကြောင်း။

**ဦးကျော်ဇေယျထွန်း**

## အမည်ပြောင်းနှင့် ဖခင်အမည်မှန်

အထက (၂) စစ်တွေ၊ Grade(8) မှ ဖြိုးသီဟကျော်အား အောင်သီဟ ဟု အမည်ပြောင်းလဲခေါ်ဆိုရန်နှင့် ၎င်း၏ ဖခင် ဦးကျော်သန်း၏ အမည်မှန်မှာ ဦးကျော်လှမောင် ၁၁/စတန(နိုင်)၁၀၆၉၀၉ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/65450, Honda Dream 125, M/C အား၊ စစ်တွေမြို့၊ သင်ပုန်းတန်းကျေးရွာရပ်ကွက်နေ ဦးမောင်မောင်သိန်း ၁၁/စတန(နိုင်) ၁၀၈၈၃၁ က(ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ (၃၀)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ဆည်မြို့နယ်၊ အမက-ဘိုးတိုင်ပေါက်ကျောင်းမှ လ/ထ မူပြတာဝန်ထမ်းဆောင်နေသော ဒေါ်ဟန်နီဇော်၏ဖခင် အမည်သည် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အမှုထမ်းစာအုပ်တွင် ပါရှိသော ဦးမျိုးဇော်ဦးနှင့် နိုင်ငံသားကတ်ပြားတွင်ပါရှိသော ဦးမျိုးဇော်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမျိုးဇော်(ခ)ဦးမျိုးဇော်ဦး ၉/ ကဆန(နိုင်)၁၀၄၀၀၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက် အမှတ် (ဒ-၄၃၄၈)၊ မြေဧရိယာ (၀.၀၈၂) ဧကရှိ ဒေါ်နန်းပြုံးစန္ဒီ (ဘ)ဦးစိုင်းစိန်ဝင်း ၁၃/လရန(နိုင်)၁၁၀၈၁၁ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်နန်းပြုံးစန္ဒီမှ ဒေါ်နှင်းနှင်းအေး(ဘ) ဦးလှအောင် ၉/မနတ(နိုင်)၀၀၄၀၁၅နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အလက (ဘုံပျံ)၊ Grade-1 မှ မဂျူးဒီဒီလင်း ၏ဖခင် ဦးနိုင်လင်း၏ အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးတိုးတက်လွင် ၆/ကသန(နိုင်)၀၆၄၄၆၅ ဖြစ်ပါကြောင်း။

**ဦးတိုးတက်လွင်**

## ဖခင်အမည်မှန်

မြောင်းမြမြို့၊ အထက (၁)၊ G-12 (STEAMS-1)မှ ကျောင်းဝင်အမှတ် (၂၆၅၄၈) ကျောင်းသား မောင်အောင်မြတ်မင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၁၄/မမန(ပြု)၀၀၀၃၀၈ ဖြစ်ပါကြောင်း။

**ဦးဇော်မင်း**

## အမျာသိစေရန်ကြေညာခြင်း

